စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# စစ်ကိုင်းဦးဘိုးသင်း

## ဒို့ကျေးရွာ

ရှေးဟောင်းသစ်ဆို့ ချိုလေသောအခါ
ခေတ်ကြို တိုင်းပြုပြည်ပြု
အရေးရုတ်ဝေခဲ့သော ဝတ္ထုကြီး



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



# စစ်ကိုင်းဦးဘိုးသင်း

## ဒို့ကျေးရွာ

လူ့ဘောင်သစ်သို့ ချီလေသောအခါ
ခေတ်ကြို၊ တိုင်းပြုပြည်ပြု၊
အထူးထုတ်ဝေခဲ့သော ဝတ္ထုကြီး

ANB0068
2,300.00 KS

mgyoe.com

mgyoe.com

နို့ကျေးရွာ၊ စစ်ကိုင်းဦးဘိုးသင်း
စာမျက်နှာ ၂၂၂ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ စက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၄ စန္ဒာဝင်းပုံနှိပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ဒို့ကျေးရွာ

စစ်ကိုင်းဦးဘိုးသင်း

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဒို့ကျေးရွာ

စာရေးရရန်ကိုပင် ငြီးငွေ့ဖွယ်ရှိလေတော့ပြီ။

တိုင်းပြည်အကျိုးကို တကယ်အစစ် လိုလားသူတို့က တိုင်းပြည်နှင့်လျော်သော စာအုပ်ကောင်းများထွက်ရန်ကို လိုလားပေတော့ပြီ။ ဝမ်းသာစကားပင်တကား...။

တိုင်းပြည်ကကား လိုလားသလား၊ တိုင်းပြည်သည် မည်ကဲ့သို့စာအုပ်ကို လိုလားသလဲ၊ နိဗ္ဗာန်ပေါက် ကျမ်းစာအုပ်ကို လိုလားသလား၊ ထွက်ပေါ်လာရင်ကော ဖတ်နာမလော၊ ဖတ်နာသော်လည်း နားလည်ကာ ကျင့်သုံးမလား...။

တိုင်းပြည်သည် ရယ်စရာ တဟောဟော တသောသောဖြစ်သည့်စာအုပ်ကို လိုလားသလား၊ မေထုန်မှုသဘောနှင့် စိတ်ကို ရွှင်ပျစေသည့်စာအုပ်ကို လိုလားသလား၊ တိုင်းပြည်အကြိုက် တိုင်းပြည်က နှစ်သက်သည့် စာအုပ်သည် ဘယ်လိုစာအုပ်လဲ၊ တိုင်းပြည့်အကျိုးကို တကယ်အစစ်လိုလားသူတို့၏ စာအုပ်ကို တိုင်းပြည်က နှစ်သက်၍ လိုလားမလား...။

တိုင်းပြည့်အကျိုးကို တကယ်အစစ် လိုလားသူတို့ နှစ်သက်အလိုရှိသော စာအုပ်သည် ထွက်ပေါ်လာစေကာမူ တိုင်းပြည်သည် လိုလား

mgyoe.com

mgyoe.com


နှစ်သက်ကာ ဖတ်ရှုမလား၊ ဖတ်ရှုစေကာမူ ပေါရိသာဒသည် သုတသောမ မင်းကြီး၏ တရားစကားကို နာယူသကဲ့သို့ နာယူမည်လော...။

ထိုသို့သော သဘောဖြင့် စာရေးရသည်မှာ ငြီးငွေ့ဖွယ်၊ တိုင်းပြည် လူထုအတွက် လုပ်ငန်းကောင်းလုပ်ငန်းမြတ်ကို မပျင်းမရိဘဲ လုပ်ကိုင်ခြင်း ဖြစ်နေမလား...။

ခေတ်အလျောက် တိုင်းပြည်တိုးတက်ကြီးပွားဖို့ရန်မှာ စာအုပ်ကောင်းများစွာ လိုနေပေသည်ကို အသိအမြင် ကျယ်သောသူတိုင်း သဘောတူရမည်။ စာအုပ်ကောင်းများကို ဖတ်နာခြင်းများသလောက် တိုင်းပြည်ဖွံ့ဖြိုးလာပေသည်။ ထိုစကားကို ယုံမှားဖွယ်မသင့်ပေ...။

တိုင်းပြည်အစစ်တကယ် အကျိုးရှိစာအုပ်ကို တိုင်းပြည်ဖတ်နာအောင် ဆောင်ရွက်ဖို့ရန်ကား အလွန်လေးသော ကျောက်တုံးကြီးကို ချီမရန်ကဲ့သို့ ဖြစ်ခြင်းကြောင့် စာရေးခြင်းသည် သစ်ကြမ်းကို ရွှေပေါ်ထိုးသကဲ့သို့ မဖြစ်နိုင်ဘဲ ရွှေပေါ်ထိုးပြီးသော အထည်ဝတ္ထုကို ကော်ဖတ်စား ဆေးသုတ်သကဲ့သို့သာ ဖြစ်နေချေသော် စာရေးရခြင်းသည် ငြီးငွေ့ဖွယ်ရာသာ ဖြစ်လာရပေတော့မည်။

ကျွန်ုပ်သည် ခေတ်စာအုပ်များကို ရေးရာ၌ သဘာဝကိုလိုက်လျော၍ တစ်ဆင့်ပြီးတစ်ဆင့် တိုင်းပြုပြည်ပြု ဖြစ်အောင် ခေတ်ဝတ္ထုများကို ရေးသားရာ ပုံနှိပ်ထုတ်ဝေသူများက စာဖတ်သူ၏ အလိုကျ ခေတ်ဝတ္ထုများကို မဖြန့်ချီလိုသဖြင့် ရှေးဟောင်း ဝတ္ထုသဖွယ် နန်းတွင်းဝတ္ထု၊ ရာဇဝင်ဝတ္ထုများကို များစွာ ရေးခဲ့ရပေသည်။

ထိုသို့ရေးခဲ့ရရာ၌ ခေတ်နှင့်လျော်ညီ၍ တိုင်းပြုပြည်ပြုဖြစ်အောင် ကြံဖန်ပြီးသော် ခက်ခက်ခဲခဲနှင့် များစွာရေးခဲ့ရပေသည်။ သို့လင့်ကစား ထိုသို့ရေးရခြင်းကို ရေးသူကျွန်ုပ်သည် မနှစ်သက်ပေ။ အဘယ်ကြောင့်ဆို

mgyoe.com

mgyoe.com


သော် ဘယ်ပေထဲကလဲ၊ ဘယ်ပုရပိုက်ထဲကလဲဟု မေးကြသူတို့ များသောကြောင့်ပင် ဖြစ်ချေသည်။

စင်စစ် လိုရင်းကို ဖော်ပြရသည်ရှိသော် ဘာကြောင့် တိုင်းပြည်အား စာသင်ပေးသလဲ၊ စာဖတ်တတ်ဖို့၊ စာဖတ်တတ်ပြီးလျှင် စာဖတ်ဖို့ ဖြစ်ချေသည်။ သို့လင့်ကစား ကျောင်းကထွက်လာသူများသည် စာဖတ်သလား။ ရယ်စရာ၊ ဓာတ်ရှင်နှင့် ရုပ်ပွဲကိုသာကြည့်မည်။ စာမဖတ်အား၊ ဓာတ်ရှင်နှင့် ရုပ်ပွဲကိုသာ ငွေကုန်ခံ၍ ကြည့်မည်။ စာအုပ်ကို ဝယ်ဖတ်ဖို့ရန် အလွန်နှမြောတွန့်တိုသည်။

အလကား ဖတ်ပါဆို၍လည်း မဖတ်လို။

ထိုသဘောကြောင့် တိုင်းပြည်၏ တိုးတက်ကြီးပွားခြင်းသည် တီကောင်သွားနေသကဲ့သို့ ဖြစ်၍ တိုးတက်ကြီးပွားနေသည်မှာလည်း မြေကြီးဩဇာ မရှိသောအရပ်က အသီးအနှံများကဲ့သို့ ပေါ့ပျက်ပျက် အရသာ သာလျှင် ရှိနေပေသည်။

ဥပမာဆောင်ရသည်ရှိသော် ဤသို့ဖြစ်၏။

ဆန်လှောင်ထားသော ကုန်သည်တစ်ယောက်သည် ဆန်ဈေးကို ကစား၍ တစ်အိတ်တွင် ငါးကျပ်အမြတ်နှင့် ဆန်အိတ် နှစ်ထောင်ကို ရောင်းရာ ၎င်းမှာ ငွေတစ်သောင်းမြတ်၏။ ထိုသူမှာ ထိုသို့သော စနစ်မျိုးဖြင့် သိန်းချီကာ တိုက်ကြီးနှင့် ယစ်နေ၏။ ထိုသူသည် မည်သည့် ဝတ္ထုစာအုပ်၊ မဂ္ဂဇင်းကိုမျှ မဖတ်။ ဖတ်သော သူကိုပင် ကဲ့ရဲ့သေး၏။ ဝတ္ထုစာအုပ်၊ မဂ္ဂဇင်းများ၌ ထိုသို့သော စနစ်သည် စည်ပင်သာယာဝပြောသည်ဆိုသော တိုင်းပြည်ကို ပင်ပန်းဆင်းရဲသောစနစ်၊ တိုင်းပြည်ကို ဖြိုလှဲသောစနစ်ဟု ကျနစွာရေးထား၏။ ထိုသို့ရေးထားသော်လည်း ထိုသဘောကို ထိုသို့သော သူများသည် လုံးဝမသိချေ။ နားမလည်ချေ၊ သဘောတရားကိုလည်း ထိုသူသည် ဘာမျှနားမလည်ချေ။ ဘာ

mgyoe.com

mgyoe.com


ကြောင့်...၊ စာကိုမဖတ်သောကြောင့်။

ယင်းသို့သော သဘောကြောင့် ထိုသို့သော သဘောမျိုးသည် မည်မျှလောက် အပြစ်ရှိကြောင်း၊ ဆိုးညစ်ကြောင်းတို့ကို မဂ္ဂဇင်းဝတ္ထုတို့၌ ကျနစွာ ဖော်ပြသော်လည်း ထိုသူမျိုးအပေါ်၌ မည်သို့မျှ အကျိုးမပြုနိုင်ရကား ထိုသူ၏ ငွေပေါ်များခြင်းသည် မြေကြီးသြဇာမရှိသော အရပ်က အသီးအနှံများကဲ့သို့ ပေါ့ပျက်ပျက်အရသာ မရှိရုံမျှမက အဆိပ်ပင်လျှင် ဖြစ်နေပေသည်။

ထိုသဘောအရ စားရေးရခြင်းသည် ရွှေပေါ်ထိုးပြီး အထည်ဝတ္ထုကို ကော်ဖတ်စား ဆေးသုတ်ထားဘိသကဲ့သို့ တတ်သိနားလည်ပြီးသော သူများအပေါ်၌သာ အမွှမ်းတင်ရုံသာ ဖြစ်နေခြင်းကြောင့် ဘာမျှနားမလည်သော စီးပွားရေးသမား ငွေရှင်များ အလုပ်သမားများအပေါ်၌ တစ်စုံတစ်ရာမျှ အကျိုးမသက်ရောက်နိုင်ပေ။ ထို့ကြောင့် စာရေးရသည်မှာ စိတ်ပျက်စရာမျှသာမှတစ်ပါး အခြားမရှိသလို တွေ့ရပေသည်။

တစ်ကြောင်းမှာလည်း မဂ္ဂဇင်းများ၊ ဝတ္ထုများ၌ ခေတ်မီရန်၊ ခေတ်အလျောက် တိုးတက်ကြီးပွားရန် မည်မျှလောက် ကျကျနနရေးသော်လည်း ထိုရေးသောစာကို သဘောတရားကို နားလည်ရန် လိုနေသော အလုပ်သမား၊ တောင်သူများတို့သည် ဖတ်ခြင်း၊ ကြည့်ရှုခြင်း ကင်းမဲ့သကဲ့သို့ဖြစ်၍ တစ်စုံတစ်ရာ အကျိုးသက်ရောက်နိုင်ဖို့ရန် ခဲယဉ်းနေပေသည်။

ထိုသို့သော သဘောအားဖြင့်လည်း တတ်သိနားလည်နေပြီးသော သူ့အတွက်သာ စာကို ရေးထားခြင်းနှင့်တူ၍ စာအုပ်ကောင်းသည် လောက် တိုင်းပြည်၌ အကျိုးမများချေ။

စင်စစ် စာဖတ်ခြင်း၌ မည်မျှနောက်ကျနေသလဲဆိုသော် ပြဆိုခဲ့သော သူတို့ကို ထားပါဦးတော့၊ စာတတ်ဟူ၍ လခစားလုပ်နေသော

mgyoe.com

mgyoe.com


သူများသည်လျှင် တစ်ရာတွင် ငါးယောက်ခန့် စာပေဖတ်ခြင်း အလေ့၊ အကျင့်မရှိသည်လောက်ပင် ဖြစ်ချေသည်။ ၎င်းတို့သည် ဓာတ်ရှင်ကိုသာ ကြည့်မည်၊ စာအုပ်ကို ဝယ်မဖတ်။ အလကား ပေးပါမည် ဖတ်ပါဆို သော်လည်းမဖတ်၊ ၎င်း၏ စာတတ်ခြင်းသည် လခစားလုပ်ပြီးလျှင် သူ၏ တစ်ကိုယ်ရေအတွက် စဉ်းလဲခြင်းနှင့် ဖိမ်ယစ်ရန် စီးပွားရေး ရှာဖွေရန်သာ ဖြစ်နေပေသည်။

စာဖတ်သည် ဆိုသောသူများမှာလည်း မှော်အတတ်နှင့် ဆိုင်သော စာမျိုး၊ ကာမမေထုန်မှုကို အားပေးသောစာမျိုး၊ ကလေးများအား ပြော ကြားသည့် ဟာသဝတ္ထုကြောင်းသက်သက် စာမျိုးကိုသာ ဖတ်လိုကြခြင်း များပေသည်။

ထိုသဘောကြောင့် တိုင်းပြည်အကျိုးပြု စာကောင်းသည် တိုင်း ပြည်အကျိုးရှိအောင် ဆွဲဆောင်နိုင်ဖို့ အတော်ပင် ခဲယဉ်းနေပေသည်။ စင်စစ်သော်ကား လူတစ်ရာလျှင် ကိုးဆယ်ခန့်သည် အသိအတတ်ပြုလုပ် နေ၍ မျက်စိမှုန်တိ မှုန်မွှားလူက အပ်နဖားထိုးသကဲ့သို့ ဖြစ်ပြီးလျှင် မြန်မာတို့၏ ခေတ်သည် လေတိုက်သလို ယိမ်းနေသော ပိပြားပင် ခေတ်ကို မလွန်သေးပေ။

သို့သော် စာပေအားဖြင့် ဒို့တိုင်းပြည် အထက်တန်းရောက်ရမည်။ ခရီးရောက်အောင် မြင်းကောင်းကိုစီးလော့...၊ အရမ်းမတိုးနှင့် ဇောက်ထိုး ဖြစ်မည်။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

ကျော်ဆွေသည် အထက်တန်းမှာလည်း ပညာရည်ချွန်ဆု (စကောလရှစ်) နှင့် စာပေပညာသင်ကြားနေလေသည်။ သို့သော် ထိုခေတ်က ယခုခေတ်မှာကဲ့သို့ ငွေမရသောကြောင့် ၎င်း၏အိမ်က ထောက်ပံ့ရလေသည်။

ကျော်ဆွေသည် တောရွာကလေးတစ်ရွာက မြို့သို့လာ၍ စာသင်ကြားရရာ ထိုခေတ်က အချို့အချို့သော တောရွာက ကျောင်းသားများမှာ အစိုးရထံမှ ပညာသင်စရိတ်တစ်လမှာ ခပ်စိုစိုရသော်လည်း ကျော်ဆွေမှာကား အထက်တန်း စကောလရှစ်ကို ရပါလျက် ထိုသူတို့လို အစိုးရထံမှ အထောက်အပံ့ ခပ်စိုစိုကလေး မရပေ။

ကျော်ဆွေသည် စိတ်ပျက်သလား။ မပျက်ချေ၊ ၎င်းတို့၏ ရွာမှာ ၎င်းတို့၏ ကျောင်းက မူလတန်းဆရာမကြီးကြောင့် မည်သည့် ပါတီဘက်ကိုမျှ မပါဘဲ ရိုးသားစွာ အလုပ်လုပ်ကိုင်နေခြင်းကြောင့်ဟု ယိုးမှတ်ဖွယ်ဖြစ်ပုံရပေသည်။

mgyoe.com

mgyoe.com


(ပါတီခေတ်စားနေသော လောက...)

ထို့ကြောင့် ကျော်ဆွေတက်လာခဲ့သော မူလတန်းကျောင်းက ကျောင်းဆရာမကြီး၏ အကြောင်းကို ဝတ္ထုကြောင်းစေ့ရုံ အတန်ငယ် ဖော်ပြသင့်၍ ဖော်ပြပါမည်။

ထိုဆရာမကြီးသည် တက္ကသိုလ်ဝင်တန်း၌ သင်္ချာ၊ သိပ္ပံ၊ အင်္ဂလိပ် စာတို့တွင် ဂုဏ်ထူးနှင့် အောင်၍ ဆရာအတတ်သင်ကျောင်းမှာ နှစ်နှစ် သွားရောက်ကာ ဆရာအတတ်သင်ကို သင်ကြားခံယူခဲ့၏။

၎င်းသည် ဆရာအတတ်သင်ကျောင်းမှလည်း ဂုဏ်ထူးသုံးခုနှင့် အောင်ခဲ့၏။ သို့သော် မြို့ပေါ်တွင် မည်သည့်ကျောင်းမှာမျှ အလုပ်မရ၊ ထိုရွာခြောက်ကလေးမှာမှ ကံကောင်းထောက်မ၍ မူလတန်းကျောင်းတွင် ကျောင်းဆရာကြီး အဖြစ်ကို ရလေသည်။ ၎င်း၏ ကျောင်းမှ နှစ်စဉ် လောက်ပင် လေးတန်းတွင် စကောလရှစ်တစ်ယောက်၊ နှစ်ယောက် အမြဲ ရလေသည်။

ထိုဆရာမကြီး၏ ဩဝါဒနှင့် ညွှန်ပြသည်ကို ထိုကျေးရွာ ခြောက် ကလေးသည် လိုက်နာနေရုံမျှမက ကျော်ဆွေလည်း လိုက်နာဟန်ရှိပေ သည်။

ကျော်ဆွေသည် ၎င်းတို့၏ ကျောင်း၌ ဒီ–အက်စ်–အို စသော မည်သည့်ကျောင်းသားသင်းမှာမျှ မပါ၊ မည်သည့် ဆန္ဒပြပွဲများ၊ ရွေး ကောက်ပွဲများ၊ အသင်းအပင်းများ၌လည်း မပါ။ သို့သော် တောသား ပီသစွာ အားကစားပွဲအမျိုးမျိုးတို့၌ ပါ၍ ဘောလုံးကန်ရာတွင် နှစ်ယောက်တန်းဘယ်က ကစား၏။ ကျော်ကြီးကွပဟု ဩဘာရ၏။

ကျော်ဆွေကို နိုင်ငံရေးသမားများ၏ ဥသြငှက်ဖြစ်သော ကျောင်း သားများကကား အတော်မျက်မွေးစူးပေမည်။ သာ၍ကျောင်းသားများ၏ မျက်မွေးစူးစရာကား ဆရာများ၏ စကားကို နားထောင်သည်။ ဆရာများ

mgyoe.com

mgyoe.com


က ကျောင်းနှင့် အိမ်နှင့် ပတ်သက်၍ ခိုင်းသည်ကို ပေါ့ပေါ့ပါးပါးနှင့် ဆောင်ရွက်ပေးသည်။ ဆရာကြီး၏ဝတ္ထုရားများကို ကျေပွန်သည် စသည်တို့ကြောင့် ဖြစ်ချေသည်။

ထိုသဘောကြောင့် ကျောင်းသားများသည် ကျော်ဆွေကို အလကား အကောင်ဟု ဆိုကြသော်လည်း အတန်းထဲမှာ အဆင့်အတန်း တစ်က ပညာရေးပေါ်တွင် မဆင်းပေ။ စင်စစ်သော်ကား ကျော်ဆွေသည် ခြောက်သွေ့သည်ဆိုသော တောရွာကလေးမှ တောသားတောင်သူ တစ်ယောက်၏ သားပင်ဖြစ်သည်။ ၎င်းသည် တောသားကလေး ဖြစ်သည့်အတိုင်း ၎င်း၏ မူလတန်းတွင် မျက်စိဖွင့်ပေးလိုက်သော ဆရာ မကြီး၏ စကားကို အမြဲကြားနေဘိသကဲ့သို့ဖြစ်၍ အခြား အထက်တန်း ကျောင်းသားများနှင့် ထိုအချိန်အခါက ခေတ်အလျောက် အစပ်မတည့် သကဲ့သို့ ဝါ သဘာဂ မဖြစ်သကဲ့သို့ဖြစ်၍ အလကားတောသားမွဲ ခြောက်ခြောက်နှင့် ဖွတ်ကောင်၊ နွားကလေးတစ်ကောင်ဟု ဒီ–အက်စ်– အို ကျောင်းသားများနှင့် အခြားပါတီမှ ဥသြငှက်ကျောင်းသားများတို့၏ ယူဆခြင်းကို ခံရလေသည်။

(ယခုရေးသော ဝတ္ထုကား ဝတ္ထုမျှသာဖြစ်၍ မည်သည့် နိုင်ငံရေး ပါတီ တစ်ခုခုကိုသော်လည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်ကို သော်လည်းကောင်း စောင်းချိတ်၍ မရေး၊ လူများ၏ လုပ်ကိုင် ကျင့်ကြံ နေထိုင်ရေးအတွက် မူတည်ကာရေးခြင်းမျှသာ ဖြစ်သည်။)

တစ်နေ့သ၌ ကျော်ဆွေတို့နေသော ကျောင်းသို့ ပညာရေးဌာန ဝန်ကြီး၏ ဝန်ကလေးတစ်ယောက်သည် ရောက်လာ၍ အထက်တန်း ကျောင်းသားများနှင့် တွေ့ဆုံရာ ဒီ–အက်စ်–အို ကျောင်းသားများကား အထူးရေပန်းစားလျက် အခြားပါတီဝင်၊ သို့မဟုတ် အခြားပါတီသို့ ယိမ်းယိုင်နေသော ကျောင်းသားတို့ကား ထိုဝန်ကလေးကို မနှစ်မြို့သည့်

mgyoe.com

mgyoe.com


သဘောနှင့် ရှိကြ၏။ ကျော်ဆွေကား မူမပျက်၊ သီးခြား မူတည်တည်နှင့် နေ၏။

ထိုဝန်ကလေးကား အတော်ပင်လည်သောသူ ဖြစ်ဟန်ရှိ၏။ လူကဲခတ်လည်း ကောင်းပုံရ၏။ ၎င်းသည် ကျော်ဆွေကို မျက်နှာပြုံး၍ မင်း ဘာကြောင့် ကျောင်းသို့လာ၍ စာသင်သလဲဟု မေး၏။ ကျော်ဆွေလည်း ရုတ်တရက်ပင် "ကျွန်တော်တိုင်းပြည် လူမျိုးအတွက် စာသင်ပါတယ်..." ဟု ဖြေလိုက်၏။

"မင်း... ဘယ်ဘက်လိုက်မလဲ..."

"ရောက်ရားပါပဲ ခင်ဗျ..."

"မင်း စဉ်းစားပြီး ကိုယ်အကျိုးရှိမယ့် ပါတီတစ်ခုခုဘက်မှာ ဝင်ရောက် ဆောင်ရွက်ရမယ်ကွဲ့..."

"ပါတီ တစ်ခုခုမှာ ကျွန်တော်ပါဝင်လှုပ်ရှားရင် စာပေပညာမတတ်ဘဲ အလကားလူစားဖြစ်ပြီး တိုင်းပြည်လူမျိုးအတွက် မဖြစ်နိုင်တော့ပါ..."

ကျော်ဆွေစကားသည် ခေတ်အလျောက် ဘုဖြစ်ပြီးသော် အတော်ဘောက်ကျသောစကားဖြစ်နေသည်။ ကျော်ဆွေသည် လေယိမ်းတိုင်းတိမ်းသောကျောင်းသားလား။ ဘယ်လိုကျောင်းသားလဲ။ ခေတ်မမီလူပါးမဝသည့် ဘုနှိပ်ဘောက်ပြောတတ်သည့် တောကလာရောက်နေသော ကျောင်းသားလား။ သို့လင့်ကစား စာပေပညာ သင်ကြားခံယူမှု၌ကား အတန်းထဲတွင် တစ်ဖြစ်နေပေသည်။

ကျော်ဆွေနေသော အိမ်နှင့် ဝိုင်းချင်းကပ်လျက်ရှိသည့် အိမ်ထောင်ပရိဘောဂဆိုင်ကြီးရှင် လူချမ်းသာကြီး၏ အိမ်တစ်အိမ် ရှိ၏။ ထိုအိမ်၌ ကျော်ဆွေနှင့် တစ်တန်းတည်း အထက်တန်းကျောင်းသား မခင်ခင်တင့်သည် ရှိ၏။ ခင်ခင်တင့်သည် ကျောင်းသားသမဂ္ဂမှာ ငွေထိန်းဖြစ်၏။

ခင်ခင်တင့်သည် ကျော်ဆွေကို သမဂ္ဂသို့ပါရန် ဆွဲဆောင်ခြင်း

mgyoe.com

mgyoe.com


သဘောနှင့်လား၊ မည်သည့်လားကြောင့်ဟု မခန့်မှန်းသာ၊ ကျော်ဆွေထံတွင် လာရောက်၍ သင်္ချာတစ်နှင့် သင်္ချာနှစ်ကို မေးမြန်းကာ အတူတူတွက်၏။ တစ်ခါတစ်ရံ အင်္ဂလိပ်စာနှင့် မြန်မာစာကိုမေး၍ နှီးနှော၏။ ထိုကဲ့သို့လျှင် အခြားကျောင်းသားတစ်ယောက်၊ ကျောင်းသူမနှစ်ယောက်တို့လည်း ကျော်ဆွေထံသို့ လာရောက်ကြ၏။

၎င်းတို့သည် တစ်ခါတစ်ခါ ကျော်ဆွေ့အိမ်တွင် နိုင်ငံရေးတစ်စိတ်အပိုင်းကို ငြင်းကြ၏။ ကျော်ဆွေကား မည်သူ့ဘက်သို့မျှ မပါ၊ အလျှုအိမ်၌ ကြက်သား၊ ဝက်သားကိုင်သည့် အနားတွင် မစားရ မျှော်ငေးကာ ခွေးချင်းကိုက်နေကြသည်ကို သတိထားမိလေ၏။

စင်စစ်သော်ကား ခင်ခင်တင့်နှင့် ကျော်ဆွေမှာ ညဥ့်အချိန် စာအတူကြည့်ခြင်းများကြ၍ တော်တော်ပင်နီးရင်းပုံရ၏။ အချိန်အရွယ်ရောက်စ မိန်းကလေးနှင့် ယောကျ်ားကလေးသည် ညဥ့်အချိန် နှစ်ယောက်ချင်း ပြောဆိုနေထိုင် လုပ်ကိုင်ကြခြင်းကို မဆိုထားနှင့်၊ နေ့အချိန် နှီးနှီးရင်းရင်း နေကြခြင်းသည်ပင်လျှင် ကာမမေထုန်ဘက်သို့ တိမ်းယိမ်းကာ စိတ်ကစားလာကြခြင်းသည် ခေတ်အလျောက်များကြ၏။

ကျော်ဆွေနှင့် ခင်ခင်တင့်တို့ကို မည်ကဲ့သို့ သဘောထားဖွယ်သင့်ပါသနည်း၊ ကျော်ဆွေသည် ခင်ခင်တင့်သို့ စိတ်ကစားတတ်သလော၊ သို့တည်းမဟုတ် ခင်ခင်တင့်က ကျော်ဆွေကို စိတ်ဝင်စားအံ့လော၊ နှစ်ယောက်လုံး အချင်းချင်း အတူတူ တစ်ယောက်ကိုတစ်ယောက် စိတ်ကစားကြသတတ်လော။

ခင်ခင်တင့်ကား ကျောင်းသား သမဂ္ဂမှ ငွေထိန်းဖြစ်၏။ ကျော်ဆွေမှာကား ထိုကဲ့သို့ ငါ ခင်ခင်တင့်ကဲ့သို့သော သူများကို နိုင်ငံရေးသမားများ၏ ဟောင်ခွေး၊ ဟိန်းခွေးဟု ထင်လေ၏။ ၎င်းတို့ နှစ်ယောက်သည် နေ့နေ့ညည နီးနီးစပ်စပ် နေကြသော်လည်း စိတ်နေသဘော

mgyoe.com

mgyoe.com


ထားခြင်းကား ကွဲလွဲနေပေသည်။ သို့လင့်ကစား တစ်ယောက်နှင့်တစ်ယောက်ကို စိတ်မကစားဟု ဆိုဖို့ ခဲယဉ်းလေသည်။

အဘယ်ကြောင့်ဆိုသော် ဤသို့ဖြစ်၏။

ခင်ခင်တင့်သည် ငွေချမ်းသာသူ၏ သမီးဖြစ်ရာတွင် ကိုယ်လုံးကိုယ်ပေါက်နှင့်တကွ တော်တော့်ကို လှချော၏။ အသားအရေမှာကား အသားဝင်းဖြစ်၍ လက်ချောင်းကလေးများသည် ဖယောင်းတိုင်ကဲ့သို့ ဖြူးသွယ်ကာ ရှိ၏။ ပြုံးပြုံးကလေးနှင့်စကားပြောလေ့ရှိ၏။ အစဉ်သဖြင့် ခင်ခင်တင့်သည် စိတ်ကောက်သော မျက်နှာ၊ စိတ်ဆိုးသော မျက်နှာတို့ဖြင့် မည်သူ့အပေါ်၌မျှ မထားချေ။ စကားပြောသော် ကောက်ပင်ရိတ်လှိုင်း ခက်တင်မောင်းနှင်း စကားမျိုးကို အေးအေးသက်သာကလေး ပြောတတ်၏။

ကျော်ဆွေသည်လည်း အားကစားသမား။ ဘောလုံးသမားဖြစ်၍ ကိုယ်လုံးကိုယ်ပေါက် အတော်ဖြောင့်၏။ မျက်နှာထား မဆိုးသော်လည်း ပြုံးခြင်းနည်း၍ ရှုတည်တည်နှင့် နေလေ့ရှိ၏။ စကားနည်း၏။ ပြောသောစကားသည် သူငယ်ချင်းများအပေါ်၌ အချက်ကျသော် မျက်နှာကို လက်ဝါးနှင့် ပိတ်ရိုက်သကဲ့သို့ဖြစ်၏။ သို့သော် အကျင့်ကား အလွန်ကောင်း၍ တည်၏။ ဓာတ်ရှင်ကြည့်ခြင်းနှင့် အပျော်အပါးတို့တွင် အလွန်နည်း၏။

ကျော်ဆွေသည် ခင်ခင်တင့်ကို တစ်ခါ ဤသို့ပြောဖူး၏။ ကွဒရတစ် အိကြွေးရှင်းဖော်မြူလာ၏ အခြေခံကို တွက်ကြရာတွင် လှတဲ့လူဟာ တော်တော့်ကို ဖျင်းတာဘဲ၊ သဘောအခြေခံကို ပြောလို့ကို နားမလည်နိုင်ဘူး။ ထိုအခါ ခင်ခင်တင့်သည် ပြုံးစိစိနှင့် ငါ လှသလားဟု မေး၏။ ကျော်ဆွေကလည်း မင်းကိုယ်မင်း လှ မလှကို မှန်ထဲမှာကြည့်ပါလား ဆိုရာ ခင်ခင်တင့်က ကိုယ့်ကိုယ်ကိုယ် လှတယ်ထင်တာပေါ့ဆို၍ ကိုယ့်

mgyoe.com

mgyoe.com


ကိုယ်ကိုယ် လှတယ်ထင်တဲ့လူဟာ အရူးဟု ကျော်ဆွေသည် ခင်ခင်တင့်ကို ပြောဖူး၏။

ကျော်ဆွေ၊ ခင်ခင်တင့်တို့၏ အထက်တန်းကျောင်းကြီးမှာ အလယ်တန်းများနှင့် အထက်တန်းများသာ ရှိသော်လည်း ကျောင်းသားပေါင်း တစ်ထောင့်နှစ်ဆယ့်ငါးယောက်၊ စာရင်းပေါက်၏။ ထိုသို့ ကျောင်းသားများ ရှိရာတွင် ကျော်ဆွေတစ်ယောက်နှင့် ကျောင်းသားတစ်ထောင့် နှစ်ဆယ့် လေးယောက်က တစ်ဖက်ဖြစ်နေ၏။ အသို့နည်းဟူမူကား ကျောင်းသားတစ်ထောင့်နှစ်ဆယ့် လေးယောက်တွင် ဒီ–အက်စ်–အိုများက တစ်ဖက်၊ အခြားပါတီ နှစ်ခုကလည်း တစ်ဖက်စီဖြစ်ကြ၍ ထိုသူအားလုံးကို ကျော်ဆွေက ပါတီများရဲ့ လေနံ့ကို မွေးနေတဲ့ ခွေးပေါက်စကလေးတွေဟု ဆို၏။

သို့လင့်ကစား ဘောလီဘောလ်၊ ဘောလုံးတို့ ကစားရာတွင် တစ်ကျောင်းနှင့် တစ်ကျောင်း ပြိုင်သောအခါ 'ကျော်ကြီးကွ' ဟု ကျောင်းသားများက အားပေးကြ၏။

ထိုသို့သော ကျော်ဆွေသည် ကျောင်းဆရာများ ဦးစီး၍ ထွက်သောစေတနာ့ ဝန်ထမ်းနေ့များ၌ ရှေ့တန်းက တံမြက်စည်းကိုသော်လည်းကောင်း၊ ပေါက်ပြားကိုသော်လည်းကောင်း၊ တူးရွင်းကိုသော် လည်းကောင်း၊ မားမကိုသော်လည်းကောင်း ထမ်း၍ ထွက်ပါက မခိုမကတ်ဘဲနှင့် လုပ်ကိုင်လေ့ရှိ၏။ တစ်ခါတစ်ခါ ဆရာကြီး၏ အိမ်၌ ထင်းပေါက်ကာ နေလေ့ရှိ၏။

ကျော်ဆွေသည် ဘယ်လိုကျော်ဆွေလဲဟု အကဲခတ်စရာ အစအနနှင့် လူငယ်တစ်ယောက်ဖြစ်၏။ တစ်နေ့သောအခါ စေတီဝိုင်းတစ်ခိုမှ မြက်ရှင်းပြီးကြသောအခါ ကျောင်းသားများပြန်ကြ၍ ကျန်ခဲ့သောတူးရွင်း၊ ပေါက်ပြားများကို ထမ်းပြီးသော် နောက်ဆုံးမှ တစ်ဦးတည်း

mgyoe.com

mgyoe.com


လိုက်လာ၏။ ထိုအခါ လမ်းတွင် ကုလားမုန့်သည်တစ်ယောက်နှင့် ကျောင်းက ကောင်မကလေးများ ဝိုင်းအုံကာ စကားများနေသည်ကို ကျော်ဆွေသည် တွေ့၏။ ထိုမိန်းကလေးများတွင် ခင်ခင်တင့်သည် ခေါင်းဆောင်ကဲ့သို့ဖြစ်၏။

ကျောင်းသားမကလေးတို့သည် မုန့်သည်ကုလားထံမှ စားလိုရာ မုန့်များကိုယူ၍ စားကြပြီးနောက် ပိုက်ဆံမပေးကြချေ။ ထို့ကြောင့် ကုလားနှင့် စကားများလျက်ရှိနေကြ၏။

ကျော်ဆွေသည် မိန်းကလေးများအား မင်းတို့ပြန်ကြဟုဆိုကာ ကုလား၏ အနီးတွင်ရပ်၏။ ကုလားသည် ပေါက်ပြား၊ တူးရွင်းတို့နှင့်သော ကျော်ဆွေကို ကြည့်နေ၏။ ခင်ခင်တင့်ကား ကျော်ဆွေ တောသားလူမိုက် ဘောလုံးသမား လူရမ်းသည် ကုလားကို တွယ်တော့မည်ဟု ထင်ကာ ကြည့်နေ၏။ ကျော်ဆွေသည် ကုလားနှင့် ဤသို့စကားဆို၏။

"ကုလား၊ ဗမာပြည်လာကာ သွေးစုပ်နေပြီး၊ စကားမများနှင့်"

"ဘယာကြော်တွေ၊ မုန့်တွေယူစားပြီး ပိုက်ဆံမပေးတာ ဘာကောင်းသလဲ..."

"ကောင်းလို့ ဝိုင်းစားတာပေါ့၊ မင်းမုန့်ဖိုး ဘယ်လောက်ကျသလဲ..."

"အများကြီး..."

"အေး... မင်းမှန်းပြီးပြော... စကားမများနှင့်..."

"နှစ်ကျပ် ပြားငါးဆယ်ကျမယ်..."

"အေး... ဒို့ ဗမာပြည်မှာ တချို့က မွဲအောင်၊ ငတ်အောင် လုပ်နေပေမဲ့၊ ဒို့ပြည်ဟာ ချမ်းသာ ကြွယ်ဝတယ်...။ ရော့ စကားမများနှင့်..."

ထိုသို့ဆိုကာ ကျော်ဆွေသည် ကုလားအား ငွေသုံးကျပ် ထုတ်ပေး၍ ပေါက်ပြား၊ တူးရွင်း၊ ဓားတို့ကို ထမ်းကာ ကျောင်းသို့ ပြန်သွားလေ

mgyoe.com

mgyoe.com


၏။

ဤသည်ကို တက္ကသိုလ်ဝင်တန်း၌ သင်နေသော ခင်ခင်တင့်သည် ကိုယ်တိုင်ကြား၏။ မြင်၏။ ခင်ခင်တင့်သည် ကျော်ဆွေ့အပေါ်၌ မစဉ်းစား မဝေဖန်ဘဲ နေနိုင်ပါ့မလား...။

သူပြောတဲ့ စကားဟာ မချို့ပေမဲ့... အရသာရှိတယ်။ ခွေးတောက်ရွက်နှင့် ကြက်သားကို ဟင်းချိုချက်တာလိုပဲ။ တချို့က တိုင်းပြည်ကို မွဲအောင်၊ ငတ်အောင် ဘယ်လိုလုပ်နေသလဲ။ ဒို့တစ်တွေကို ပါတီရဲ့ ခွေးပေါက်စကလေးတွေလို့ ဆိုတယ်...။ ယခု ဒို့စားတဲ့ မုန့်ဖိုးကို ကုလားအားပေးပြီး ပြန်လွှတ်လိုက်တယ်။ ကုလားကိုလည်း သွေးစုပ်နေတယ်လို့ ဆိုတယ်။ ဘယ်လိုလူစားလဲ..."

ခင်ခင်တင့်သည်လည်း ထိုသို့တွေးတော ဝေဖန်၍ မိန်းကလေးအဖော်များနှင့် ပြန်လာခဲ့လေ၏။

ထိုနေ့ညအချိန်သော် ခင်ခင်တင့်သည် ကျော်ဆွေ့အိမ်ဘက်သို့ ကူး၍ ကျော်ဆွေနှင့် ဤသို့စကားပြောဆိုနေလေ၏။

"မင်း ဘယ့်နှယ်လဲ စာမေးပွဲမှာ..."

"ငါ သင်္ချာတစ်မှာ နှစ်ပုဒ်မှားတယ်...။ သင်္ချာနှစ်မှာ တစ်ပုဒ် မတွက်နိုင်ဘူး၊ တစ်ပုဒ်မှားတယ်။ အင်္ဂလိပ်စာမှာ တစ်ပုဒ်မဖြေနိုင်ဘူး"

"မင်းနှယ်ကွယ်... သင်္ချာတစ်နှင့် နှစ်ကို ဒို့ အတွက်ဖူးသားပဲ"

"တွက်ဖူးပေ့... မေ့သွားတာကိုကွယ်..."

"အင်္ဂလိပ်စာကော..."

"နံပါတ် ၃..."

"ဟာ... အဲဒါဟာ အလွယ်ကလေးပဲ..."

"လွယ်ပေ့... ငါမှ မတတ်ဘဲကိုး..."

"မင်း... ဒါမျိုးကို အကြည့်ဖူးသားပဲ...၊ မင်းမှန်ကြီးကိုသာ ရိုက်ခဲ့

mgyoe.com

mgyoe.com


ပစ်ပါကွာ..."

"ဘာဆိုင်သလဲ..."

"မင်းက ငါလုတယ်ဆိုကာ မှန်ကိုချည်းကြည့်နေ၊ နှုတ်ခမ်းနီဆိုး၊ လက်သည်းနီဆိုးနှင့် နေတာပဲ၊ ဘာမှတ်မိမှာလဲ..."

"မင်းကွယ်... ဒါထက် မင်းကို ငါမေးချင်လို့..."

"ဘာမေးချင်တာလဲ..."

"မင်းက... တချို့က မွဲအောင်၊ ငတ်အောင် လုပ်နေတယ်လို့ မနက်ကဆိုတယ်၊ တချို့က ဘာလုပ်လို့လဲ..."

"မင်း အဲဒါခက်တာပဲ... လူတစ်ယောက် ကောင်းစားအောင်လုပ်ဖို့ ကောင်းစားနေရင်။ လူအများမွဲပြီး လူအများအငတ်ဘေးနှင့် ရင်ဆိုင်ရ တတ်တယ်။ ဒို့ဗမာပြည်မှာသာ ပဒေသာပင် ဖြစ်နေလို့ သိလား၊ ငတ် တယ်ဆိုတာလည်း မစားရတာကိုသာ ဆိုတာ မဟုတ်ဘူး၊ စားချင်တာကို မစားရ၊ စားချင်သလောက်မစားရ၊ ညှော်သည်လာလို့မှ အပိုကျွေးစရာမရှိ၊ လှူဖို့တမ်းဖို့ဆို ဝေးရော၊ ဒါတွေကို ခေါ်တယ်သိလား..."

"မင်းက ကုန်ဈေးနှုန်းကြီးလို့ ဆိုချင်တာလား..."

"မဟုတ်ပါဘူး..."

"ဘာလဲ..."

"ဆန်ဈေးကြီးရင် ဆီဈေးကြီးမယ်၊ ဆီဈေးကြီးရင် ငါးပိ၊ ငါး ခြောက်၊ အသား၊ ငါးဈေးကြီးမယ်၊ ဟင်းရွက်ဟင်းသီးဈေးကြီးမယ်။ နောက်ဆုံးကွယ် ဆူးပုပ်ရွက်ဈေးနှင့် ကန်စွန်းရွက်ဈေးတောင် ကြီး မယ်...၊ ဘာကိစ္စရှိသလဲ၊ ဘာမှ မထောင်းတာဘူး"

"အင်း... လခစားတွေ ခက်မှာပေါ့..."

"ဘာခက်မလဲ...။ လခစားတွေက အဂတိလိုက်စား၊ လာဘ်စား၊ ငွေစား၊ နောက်ဆုံးကွယ် လာဘ်စားစရာမရှိတဲ့ ကျောင်းဆရာတွေတောင်

mgyoe.com

mgyoe.com


အလွတ်စာသင်ပေးပြီး ငွေယူနေတာဘဲ၊ ငါမပြောချင်ပါဘူး…”

“ဒါဖြင့် မင်းဟာက ငတ်တယ်ဆိုတာဘာလဲ…”

“ရှိမှန်းအသိသားနှင့် ဝတ်ချင်တာကို ဝယ်မရတာကွဲ့၊ စားချင်တာကို ရှိမှန်းအသိသားနှင့် ဝယ်မရတာကွဲ့၊ မနေ့ကကွယ်… ငါ့မှာ နို့ဆီဘူးကုန်နေလို့ ‘သမဝါယမ’ အသင်းမှာ သွားဝယ်တယ်၊ အသင်းသားမဟုတ်လို့တဲ့ မရောင်းဘူး၊ ဈေးထဲသွားဝယ်တော့ ပုလိပ်ဖမ်းမှာကိုကြောက်လို့ ညနေ ပုလိပ်မရှိတဲ့ အခါမှလာပါတဲ့၊ ‘သမဝါယမ’ ဆိုင်တစ်ဆိုင်မှာ သွားဝယ်တော့ ကုန်ပြီတဲ့၊ တခြားလူတစ်ယောက်ကို သွားပြီးအဝယ်ခိုင်းတော့ ရခဲ့တယ်…၊ ဒါဟာ ငတ်ဖို့ ပတ်ပျိုးတာ သိရဲ့လား…”

“အင်း…”

“လယ်ယာအလုပ်ကို ငါးနှစ်ပြည့်အောင် မလုပ်ဖူးဘူး၊ ကုန်သည်လည်း မလုပ်ဖူးဘူး၊ ဒါနှင့် သည်အလုပ်တွေမှာ ဝင်ပြီး စွက်ဖက်ဩဇာပေးနေရင် ဘာဖြစ်မယ်ဆိုတာကို မင်း စဉ်းစားပါလား…။ အစိုးရပါတီကလူတွေတော့ ထောင်လို့ကွယ်၊ အရက်နှင့် စီးကရက်နှင့်၊ ပိုကာဒေါင်းလို့၊ ဒို့ကျောင်းက ဒီ အက်စ် အို မောင်တွေကိုကြည့်ကွယ်… ခြောက်လုံးပြူးကိုတောင် ခါးမှာထိုးလို့”

ကျော်ဆွေသည် ကျောင်းသားဘဝ၌ ထင်သလို ရောက်တိရောက်ရာ ပြောဆို၏။ ထိုသို့ ပြောဆိုသော ကျော်ဆွေသည် ကျောင်းတွင် တစ်ယောက်တည်းနှင့် တစ်ကျောင်းလုံးဖြစ်နေ၏။ ထိုကျော်ဆွေနှင့် ခင်ခင်တင့်သည် အိမ်နီးချင်းလည်းဖြစ်ရာ ကျော်ဆွေမှာ စာတော်သဖြင့် ရော၏။ ခင်ခင်တင့်၏ မိဘကလည်း ထိုသို့ရောသည်ကို သဘောကျ၏ ။

ထိုသို့ရောခြင်းမှာ အနောက်နိုင်ငံ၏ ယဉ်ကျေးမှုဖြစ်၍ ခေတ်အလျောက် ခေတ်မီသည်ဟု ထင်ပုံရ၏။ ထိုသဘောသည် အနောက်

mgyoe.com

mgyoe.com


နိုင်ငံစု ပညာသင်ကြားရေးမှ ကူးစက်လာခြင်း ဖြစ်ပုံရ၏။ ထိုသို့ရောခြင်းကြောင့် အချို့သော ကျောင်းသား မောင်မယ်တို့သည် ပျက်စီးသွားကြ၏။

ကျော်ဆွေသည် ခင်ခင်တင့်၏ ရောမှုကြောင့် မည်ကဲ့သို့ ဖြစ်ရသတတ်နည်း။ ခင်ခင်တင့်၏ မိဘများကမူကား ကျော်ဆွေသည် ထိုကျောင်း၌ အလွန့်အလွန်တော်သော ကျောင်းသားတစ်ယောက်ဖြစ်၍ ပညာတတ်ကို သဘောကျသော ရေးဝါဒရှိသည့် ခင်ခင်တင့်၏ မိဘတို့သည် ခင်ခင်တင့်၏ ကျော်ဆွေနှင့် ရောမှုကို အားမပေးစေကာမူ အလိုလိုက်ကာ ရှိပေသည်။

မိန်းမမည်သည်လည်း ပရိယာယ်တော်တော်များပေသည်။ ခင်ခင်တင့်သည် ကျော်ဆွေနှင့် ရောခြင်းကား အတတ်ပညာအတွက်ဟု ယူဆရန်လည်း သင့်မည်ဟုလည်း ယူဆလိုလျှင် ယူဆရာ၏။ လူငယ့်ဘာဝ မိုက်ကန်းသော သဘောနှင့်ဟုလည်း ယူဆလိုလျှင် ယူဆရာ၏။ သို့တည်းမဟုတ် ကျောင်းသားသမဂ္ဂစက်ကွင်းမှ လွတ်ထွက်နေသော ကျော်ဆွေသည် သမဂ္ဂအတွင်းသို့ ရောက်လာရန်ဟုလည်း ယူဆမည်ဆိုသော် ယူဆဖွယ်ဖြစ်၏။

ခင်ခင်တင့်သည်ကား ဘာပဲဖြစ်ဖြစ် ကျော်ဆွေ၏ 'ကုလားဗမာပြည်လာကာ သွေးစုပ်နေပြီး၊ စကားမများနှင့်' ဆိုသော စကားကို တော်တော်ကြီး သဘောကျ၏။

ထိုသို့ သီတင်းကျွတ်လ ကျောင်းပိတ်လိုက်ပြီဖြစ်၍ ကျော်ဆွေသည် ၎င်း၏ ရွာခြောက်ကလေးသို့ ပြန်သွား၍ ရောက်ချင်း ၎င်း၏ ဆရာမကြီး ထံဝင်ပြီးလျှင် ကန်တော့၏။ ဆရာမကြီးက ဆုပေးပြီးနောက် မင်း အစမ်းစာမေးပွဲမှာ ဘယ်လိုလဲဟု မေး၏။ ကျွန်တော် အမှတ်အများဆုံးဟု ကျော်ဆွေသည် ပြော၏။

mgyoe.com

mgyoe.com


"နင့်ကျောင်းမှာ ဘယ်ပါတီက ပါသလဲ" ဟု ဆရာမကြီးသည် မေး၏။ ကျော်ဆွေက "ဘယ်ပါတီမှာမှ မပါပါ" ဟု ဆို၍ ဆရာမကြီးက "နင်ကြီးလာပြီ၊ ကလေးမဟုတ်တော့ဘူး၊ 'ကြည့်' ဟု ပေတံကို ထောင်ပြ၏ ။

ကျော်ဆွေသည် ၎င်း၏ ဆရာမကြီးကို ရှိခိုးဦးချ၍ ဆရာမကြီး၏ ရှေ့မှောက်မှ ထွက်ခဲ့၏။

ကျော်ဆွေသည် သူပညာသင်ကြားလာရသော မူလတန်းကျောင်းကို တော်တော်ပင် သဘောကျနေ၏။ ကျောင်းဝိုင်းကျယ်ကြီးကို ရွာက ပေး၍ ကျောင်းဆောင်ကို ရွာက ဆောက်ပေး၏။ ကျောင်းသုံး ကိရိယာတန်ဆာများကိုလည်း ရွာကပင် ထောက်ပံ့၏။ ထိုဆရာမကြီးကား အမြင်ကျယ်၍ တော်တော်ပင် အပေါင်းအသင်းဆန့်ဟန်ရှိ၏။

ကျောင်းဝိုင်းထဲ၌ ဘောလုံးကွင်းကလေးတစ်ခုရှိ၍ ကလေးများ ကစားရန် လုံလောက်ဘနန်းဖြစ်၏။ ကျောင်းနှင့်ဆွယ်၍ စာကြည့်တိုက် ကလေးတစ်ခု ဖွင့်ထား၏။ ထိုစာကြည့်တိုက်မှာ တောရွာကလေးပင် ဖြစ်သော်လည်း နေ့စဉ်သတင်းစာနှစ်စောင်၊ မဂ္ဂဇင်းနှစ်အုပ် လစဉ်ရှိနေသည်ပြင် အခြားခေတ်အလျောက် စာအုပ်များလည်း တော်တော်ပင် စုံစုံလင်လင်ရှိ၏။

ဆရာမကြီးသည် လူရွယ်၊ လူလတ်၊ လူကြီးစသည်ဖြင့် စာမတတ်၍ သင်လိုသူများအား ညကျောင်းဖွင့်ကာ သင်ပေး၍ စာတတ်သူအတော်များလာပြီးလျှင် မူလတန်းပညာရပ်များကို လုံလုံလောက်လောက်တတ်သူတို့ အတော်ပင်ရှိလာလေ၏။ ထိုသဘောကြောင့် ကျောင်းနှင့်တွဲ၍ ထားသော စာကြည့်တိုက်တွင် စာကြည့်သူတို့ မပြတ်မစဲလောက်ဖြစ်၏။ လက်ထောက် ဆရာတစ်ယောက်ကို စေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူးလုပ်စေ၍ စာအုပ်ငှားလိုသူများအား ငှားစေ၏။

mgyoe.com

mgyoe.com


ထိုရွာကလေးမှာ မင်္ဂလာဆောင်ရှိသော် ရွာသားများ၏ သဘောကျ ထိုစာကြည့်တိုက်အား အလှူငွေအဖြစ် မင်္ဂလာကြေးပေးကြ၏။ အလှူရှိသော် ဘုန်းကြီးတစ်ပါးအတွက် ထိုစာကြည့်တိုက်က ရ၏။

ဆရာမကြီးသည် ထိုရွာကလေးအား ပုံသွင်းပုံကောင်း၍ ထိုရွာကလေးသည် အတော်ပင် သာယာစိုပြည်လာလေပြီ၊ ကျေးရွာလူထုအင်အားဖြင့် ရေကန်ကြီးပြုလုပ်၍ ထိုရေကန်ကြီးမှလည်း သီးနှံခင်းများရေလိုချေသော် ပိုက်နှင့် မိုးရွာသကဲ့သို့ ဖျန်းပက်နိုင်လေ၏။

ထိုသို့သော သဘောတို့က ကျော်ဆွေသည် မြင်ရ၍ အလွန်ဝမ်းသာ၏။ နောင်သဘောသရုပ်တို့ကိုလည်း စိတ်ကူးကာ ပုံသွင်း၏။ ဆရာမကြီးသည် အအုပ်အချုပ်ကောင်း၏။ ပေါင်းသင်းဆက်ဆံရေးတတ်၏။ စာအုပ်သည် ၎င်း၏ အပျော်ပွဲလမ်းသဘင်ဖြစ်နေ၍ ကျောင်းနှင့် ထိုရွာကို ခေတ်မီစေ၏။ ထိုရွာမှာ မည်သည့်နိုင်ငံရေးပါတီကိုမှနောက်လိုက်မလုပ်၍ ကျောင်းမှာလည်း ရွာလူထုသာလျှင် အားကိုးရလေသည်။

ကျော်ဆွေကား ခေတ်အလျောက် ပေါက်မြောက်အောင်ပညာသင်ကြားရေး၍ ပထမဆုံး လူဦးဖြစ်သူ သူကြီးသားနှင့် အခြားတစ်ယောက်မှာ ဒုတိယဖြစ်ချေသည်။

❐

mgyoe.com

mgyoe.com

# အခန်း (၂)

ခင်ခင်တင့်သည် ယခုအခါ၌ ကျောင်းပိတ်ထားသည်ဖြစ်၍ အိမ်တွင် တစ်ကိုယ်တည်းကဲ့သို့ရှိနေ၏။ တစ်ခါတစ်ခါ ၎င်း၏ပါတီမှ လူများလာရောက်ကြ၍ ပါတီရေးအတွက် ဆွေးနွေး၏။ ၎င်းသည် ပါတီရေးသည် ကျောင်းသားများ၏ ပညာသင်ကြားရေးကို ဝရောက်သောကမ္ဘ ဖြစ်စေတတ်သည်ဟု စဉ်းစားမိဟန်မတူပေ။

ခင်ခင်တင့်သည် ၎င်းတို့၏ ကျောင်း၌ ဒီ အက်စ် အို အဖွဲ့ဝင် မဟုတ်စေကာမူ ဒီ အက်စ် အို ပါတီကို အစိုးရအဖြစ်နှင့် တည်နေသော ပါတီက အားပေးသဖြင့် စိတ်တိမ်းယိမ်းနေသကဲ့သို့ ဖြစ်၏။ ထိုသို့နှင့် ၎င်း၏စိတ်သည် မည်ကဲ့သို့ရှိစေကာမူ ခင်ခင်တင့်သည် တက္ကသိုလ်ဝင် တန်း စာမေးပွဲကို အောင်မြင်ပါက ထိုအထက်တန်းကြီးက ခွဲခွာရမည် ဖြစ်၏။

ခင်ခင်တင့်မှာ ဉာဏ်ကားမဓေ၊ ၁၃၃၂ရာတွင် ကျောင်းနေစဉ် ပါတီ နိုင်ငံရေး၏ အရောင်ခြယ်သန်းမှုကြောင့် ၎င်း၏ အင်အားရှိသလောက်

mgyoe.com

mgyoe.com


ပညာသင်ကြားရေးကို လိုက်ခွင့်မရသလို ဖြစ်၍ ၎င်းဝင်ထားသော စာမေးပွဲကို အောင်ပဲအောင်ပါ့မလားနှင့် စိတ်တွင်ထွေနေ၏။

အင်္ဂလိပ်စာမှာ တစ်နံပါတ်မဖြေလိုက်ရ၊ သင်္ချာတစ်မှာ နှစ်ပုဒ်သာ မှန်၍ သင်္ချာနှစ်မှာ နှစ်ပုဒ်ခွဲလောက်သာ မှန်သည်ဟု ခင်ခင်တင့်သည် ယူဆ၍ စိတ်တွင်ထိတ်နေ၏။ စာမေးပွဲအောင်စာရင်း ထွက်လာမည်ကို ပင် ကြောက်သလိုလိုနှင့် ရင်ဖိုကာရှိနေ၏။

ထိုသို့သော ခင်ခင်တင့်သည် ၎င်းနှင့်ရောနှောကာ နေခဲ့သော ကျော်ဆွေကို ကျောင်းပိတ်စဉ်တွင် ခဏခဏသတိရ၍ တစ်ခါတစ်ခါ ကျော်ဆွေကို လွမ်းသလိုလိုရှိနေ၏။ ထိုသို့ကျောင်းပိတ်ရက်အတွင်း ကျော်ဆွေသည် မြို့သို့ပေါ်လာချေသော် ခင်ခင်တင့်သည် တော်တော် ပင် ဝမ်းသာသွားမည်ဖြစ်၏။

ခင်ခင်တင့်၏ သူငယ်ချင်းအချို့လည်း ခင်ခင်တင့်ထံလာ ရောက် ကြ၍ စာမေးပွဲအကြောင်းကို ပြောပြနေကြရာ ခင်ခင်တင့်မှာ ရင်ဖိုကာပင် ရှိနေရာမှ ကျော်ဆွေတော့ မုချအောင်မှာပဲ၊ အောင်ရင် သူဟာ ကျောင်းက ခွဲခွာသွားတော့မှာပဲဟု တွေးဆ၏။

ခင်ခင်တင့်သည် ဘာကြောင့် ကျော်ဆွေထံ စိတ်ရောက်နေဘိ သနည်း။ ခင်ခင်တင့်နှင့် ကျော်ဆွေသည် အိမ်တွင်အတူရောနှော၍ စာပေ ပညာကို လေ့လာဆွေးနွေးသည်။ တစ်ခါတလေ ညအချိန် နှစ်ယောက် ချင်းပင် ခင်ခင်တင့်နှင့် ကျော်ဆွေသည် စာကြည့်နေခဲ့ကြ၏။ ကျော်ဆွေ သည် ၎င်း၏ စကားအတိုင်း ရာထူးရာခံနှင့် လခစားတစ်ခုခုကိုသာ မက်ခံ၍ စာသင်နေသူဖြစ်ခဲ့သော် ခင်ခင်တင့်၏ ဇာတ်လမ်းသည် တိုစိနှင့် အော်ဝဲကောင်း အော်ဝဲပေလိမ့်မည်။ ထိုသို့နှင့် ကျောင်းသားအချင်းချင်း ကပွဲဝင်သွားကြသည်မှာ ခေတ်သစ်၌ ခေတ်၏သဘောအတိုင်း အတော် များကြလေသည်။

mgyoe.com

mgyoe.com


ကျော်ဆွေသည် မည်သည့်စကားကိုပြောဖူးသနည်း။ ၎င်းသည် တိုင်းပြည်လူမျိုးအတွက် စာသင်သည်ဟု ပြောဖူးသည်။

ကျော်ဆွေသည်ကား ၎င်းနှင့်အတူ ကျောင်းသင်ပညာရပ်များကို နှီးနှောဖလှယ်ကာ နေခဲ့သော ခင်ခင်တင့်ကို သတိရသတတ်လော၊ ၎င်းသည် ဆယ့်ရှစ်ဧကရှိ ၎င်းတို့၏ ယာခင်း၌ သူရင်းငှားတစ်ယောက်နှင့် အခြောက်ထွန်ခြင်းကို လိုက်ပါထွန်သည်။ ၎င်း၏ နှမကလေးနှင့် နောက်ချေးများ အမှိုက်များကိုချသည်။ ၎င်းသည် သစ်ပင်အစာစားသည်ဟု မူလတန်းကတည်းက သိခဲ့သည်။ ၎င်း၏ ယာခင်း၌ သီးနှံပင်တို့၏ မြေဩဇာအတွက် အလုပ်များကိုလုပ်နေသည်။ ကျော်ဆွေသိသကဲ့သို့ အခြားတောင်သူတို့လည်း သိကြသဖြင့် လုပ်အပ်သော အလုပ်ကို မိုးမကျမီတင်ကူးကာ လုပ်ကိုင်ကြသည်။

ကျော်ဆွေသည် ထိုမျှသာမက အိမ်အလုပ်ဖြစ်သည့် ရေစည်တိုက်ခြင်း၊ ထင်းခုတ်ခြင်းစသည့်အလုပ်တို့ကိုလည်း လုပ်လေသည်။ ထိုသို့ တောသားကလေးကျော်ဆွေသည် ကျောင်းပိတ်စဉ်အတွင်း တောသားတို့ ဘာဝအလုပ်လုပ်သော်လည်း အားချိန်ဟူ၍မထားဘဲ စာနှင့်လည်း ပျော်သည်။

ထိုရွာကလေးသည် ရှေးက အိမ်ခြေ ခြောက်ဆယ်ခန့်နှင့် ရွာခြောက်ကလေးတစ်ရွာဖြစ်ခဲ့သော်လည်း ယခုအခါ၌ကား အိမ်ခြေ တစ်ရာကျော်ရှိ၍ စိုပြည်သော ရွာကလေးစတင်ကာ ဖြစ်လာလေပြီ။ ရွာတစ်ရွာ၏ တိုးတက်စည်ကား သာယာဝပြော သည်မှာလည်း ရတတ်ရက်အားဖြင့် ဖြစ်နိုင်ဖို့ ခဲယဉ်းပေသည်။ ရွာသူရွာသားတို့၏ အသိဉာဏ်နှင့် အကျင့်ဉာဏ်ကိုမှီ၍ တောလက်ကျေးရွာများသည် ပြုပြင်ပြောင်းလဲလာပေသည်။

ကျေးရွာများသည် ထိုသို့ ပြောင်းလဲမှု၌ ပဲ့ပြင်သည်အတိုင်း

mgyoe.com

mgyoe.com


ကောင်းရာသို့ရောက်ဖို့ မလွယ်ကူလှပေ။ မကောင်းရာသို့ကား ပတ်ဝန်းကျင်အခြေအနေသဘောအရ ကျဆင်းသွားရန် အလွန်လွယ်ကူပေသည်။ ထိုရွာမှာ ခေတ်မီသော ကျောင်းဆရာမကြီးကြောင့် တစ်စစတရိပ်ရိပ်တိုးတက်ကာ ကောင်းစားလာသည်ဟု ဆိုရမလို ဖြစ်ချေသည်။

ထိုရွာခြောက်ကလေးကား ရွာခြောက်ကလေး ကုန်းတန်းကြောင့်ပင် ထိုရွာရှိ ဆရာမကြီး၏ သွန်သင်မှုကိုမှီ၍ တိုးတက်ကောင်းစားလာဟန် ရှိသည်။ ထိုရွာမှာ ယာလုပ်ခြင်းမှတစ်ပါး အခြားတောင်သူလုပ်ငန်းကို ကုန်းခြောက်ဖြစ်ခြင်းကြောင့် အတော်ပင် ခဲယဉ်းပေသည်။ သို့လင့်ကစား မည်ကဲ့သို့ ငါးနှစ်ရာသီအတွင်း တိုးတက်လာသည်ဟု အထက်တန်းပညာ၌ ကြက်တူရွေးသင် စာသင်သော ကျော်ဆွေသည် ရိပ်မိလာလေပြီ။ ထို့ကြောင့် ကျော်ဆွေသည် ၎င်း၏ ဆရာမကြီးထံမှ နို့မခွဲသေးပေ။

ထိုသို့နှင့်ပင် အချိန်သည် ရွေ့လျားလာခြင်းကြောင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ချက်ကို အသံလွှင့်ရုံက ကြေညာလေပြီ ခင်ခင်တင့်တို့၏ အိမ်မှာ ရေဒီယိုရှိ၍ ခင်ခင်တင့်သည် နားမထောင်၊ သို့သော်နားမထောင်ဘဲလည်း မနေနိုင်၊ ရင်တွင် တထိတ်ထိတ်နှင့် စာမေးပွဲအောင်သူများအား ကြေညာချက်ကို နားထောင်ရာ ကျော်ဆွေမှာ သင်္ချာ၊ အင်္ဂလိပ်စာ၊ သိပ္ပံဂုဏ်ထူးတို့နှင့် အောင်မြင်ခြင်းကို ကြားသိရသဖြင့် ခင်ခင်တင့်သည် အတော်ပင် ဝမ်းသာသွား၏။ မွဲခြောက်သော ဗိုလ်ကောနီဖုတ်နှင့် တောသားဖွတ်ကောင် ကျော်ဆွေ့ မျက်နှာကို ခင်ခင်တင့် ချက်ချင်းမြင်ယောင်လာ၏။

ခင်ခင်တင့်သည် ရင်တုန်နေခြင်းကား မရပ်သေးပေ။ သို့လင့်ကစား ၎င်းလည်း တက္ကသိုလ်ဝင်တန်းတွင် မြန်မာစာဂုဏ်ထူးနှင့် အောင်သည်ကို ရေဒီယိုမှ ကြေညာချက်တွင် ပါလေတော့ပြီ၊ သို့ဖြစ်၍

mgyoe.com

mgyoe.com


ခင်ခင်တင့်သည် ဣန္ဒြေမဆည်နိုင်ဘဲ ၎င်း၏မိဘရှေ့တွင်ပင် ကမိလေပြီ။ သို့ရာတွင် ခင်ခင်တင့်၏စိတ်၌ ထိုကရခြင်းကိုများစွာ အရသာမရှိလှပေ။ ထိုအချိန် ထိုအခါ ကျော်ဆွေသာ အနားမှာရှိသော် ကျော်ဆွေကို ဆွဲ၍ အားရပါးရ အပျော်ကြီးပျော်ကာ ခင်ခင်တင့်သည် ကပေလိမ့်မည်။

ခင်ခင်တင့်သည် ကျော်ဆွေအား ကျော်ဆွေ စာမေးပွဲအောင်ခြင်းကို ပြေး၍ ပြောချင်နေလေသည်။ ကျော်ဆွေနေသော ရွာမှာ ကုန်းခြောက်ရွာကလေးဖြစ်၍ ရေဒီယိုမည်သည့်နည်းနှင့်မျှ မရှိဟုထင်၏။ ထင်သည့်အတိုင်းလည်း မှန်၏။ သို့သော် မှန်ပုံခြင်းကား ခြားနား၏။

အဘယ်သို့လျှင်မူကား ဤသို့ဖြစ်၏။ ကျော်ဆွေတို့၏ ရွာမှသူကြီးသော်လည်းကောင်း၊ အခြား လူချမ်းသာသော်လည်းကောင်း၊ ထိုရွာမှ ဆရာမကြီးကသော် လည်းကောင်း ဓာတ်ခဲနှင့် ဖွင့်ရသော ရေဒီယိုတစ်လုံးကိုတော့ ထားနိုင်မည် ဖြစ်၏။ အကယ်၍ ထားခဲ့သော် သောင်းကျန်းသူကသော်လည်းကောင်း သို့မဟုတ် အစိုးရ၏ လက်နက်ကိုင်တပ်တစ်တပ်တပ်ကသော် လည်းကောင်း ထိုရေဒီယိုသည် သူပုန်ပစ္စည်းသို့မဟုတ် သူပုန်ထံရောက်လိမ့်မည်ဖြစ်၏။ ထို့ကြောင့် ထိုအခါကတောလက် ကျေးရွာများနှင့် ရေဒီယိုသည် မတန်သကဲ့သို့ ဖြစ်နေသဖြင့် ကျော်ဆွေတို့၏ ရွာ၌ ရေဒီယို မရှိပေ။ ထို့ကြောင့် စာမေးပွဲအောင်ချက်ကို ကျော်ဆွေသည် ရုတ်တရက် သိနိုင်ဖို့ ခဲယဉ်းဘိစတောင်း...။

ထို့ကြောင့် ခင်ခင်တင့်သည် ကျော်ဆွေစာမေးပွဲ အောင်သည့်အကြောင်းကို ချက်ချင်းပင် စာရေး၍ ကျော်ဆွေထံသို့ ပါးလိုက်၏။ ထိုစာတွင် ထိုမျှနှင့်မက တက္ကသိုလ်သို့ သွားရောက်ရန် လျှောက်လွှာနှင့်ပတ်သက်ပြီးသော် တိုင်ပင်ရန်လာစေလိုကြောင်း ပါသွားသည်အပြင် ခင်ခင်တင့်သည် ဝမ်းသာလွန်းသောကြောင့် ငါဘာကြောင့်မှန်းမသိ

mgyoe.com

mgyoe.com


မင်းကို လွမ်းသည်ဟူသော အကြောင်းလည်းပါသွား၏။

ထိုစာကို ကျော်ဆွေသည် ထိုတောရွာကလေး၏ သဘာဝ ဆိတ်ချင်းသုပ်စားနေစဉ်တွင် ရ၍ 'လွမ်းသည်' ဟူသော အချုပ်နှင့် စာကိုဖတ်ရခြင်းကြောင့် သူငါ့ကို ဘာကြောင့် လွမ်းပါလိမ့်မလဲဟု ကျော်ဆွေသည် အနည်းငယ်တွေးတောပြီးသော် ဆက်လက်စဉ်းစားခြင်း မရှိဘဲ တိလိုက်လေ၏။

ကျော်ဆွေသည် ခင်ခင်တင့်ထံမှ စာကိုရပြီး နောက်တစ်နေ့၌ မြို့သို့ရောက်သွားရာ ခင်ခင်တင့်သည် အတော့်ကို ဝမ်းသာ၍ သူ့အဖေအား 'ဖေဖေ၊ ကျော်ဆွေကြောင့် ကျွန်မ စာမေးပွဲအောင်တဲ့အပြင် မြန်မာစာ၌ ဂုဏ်ထူးနှင့်တောင် အောင်တယ်' ဟု ပြုံးကာပြုံးကာနှင့် ပြော၏။ ကျော်ဆွေလည်း ဤသို့တည်တည်နှင့် ဆို၏။

"မင်း... မင်းတတ်လို့ အောင်တာပေါ့၊ မင်း မြန်မာစာမှာ ဂုဏ်ထူးနှင့်တောင် အောင်တာပဲ..."

"ငါ့ကို... မင်းညတိုင်းလောက်ပင် သင်္ချာပြပေးလို့ သင်္ချာမှာ ရှုံးကြတဲ့လူတွေ မနည်းဘူး၊ မြန်မာစာက ငါက မင်းလောက် မဖတ်ပေမဲ့၊ ငါက မင်းထက် အကျက်သန်ပြီး အရများလို့ပါ..."

ထိုသို့စကားပြောဆိုနေစဉ်တွင် အခြားကလေး ငါးယောက်လည်း ရောက်လာကြ၍ ၎င်းတို့လည်း တက္ကသိုလ်သို့ သွားမည့်အကြောင်းတို့ကို ဝမ်းသာအားရနှင့် ပြောကြလေ၏။ ၎င်းတို့သည် တက္ကသိုလ်သို့သွားရန် ရက်ကိုတိုင်ပင်ကာ ရွေးချယ်လိုက်ကြ၏။

ထိုနေ့ညဉ့်၌ ခင်ခင်တင့်သည် ကျော်ဆွေတည်းနေသော အိမ်သို့သွား၍ ကျော်ဆွေနှင့် အားမရနိုင်သော စကားတို့ကို ဖောင်နေအောင် ပြောဆိုနေ၏။ ကျော်ဆွေသည် ခင်ခင်တင့်စာ၌ မင်းကို လွမ်းသည်ဟူသော သဘောနှင့် ရပ်လိုက်သဖြင့် ၎င်းကို တွေးဆကာ အဓိပ္ပာယ်နက်ကို

mgyoe.com

mgyoe.com


ထွက်သဖြင့် စိတ်မလုံသလို၊ ဟိုလိုသည်လိုနှင့် စိတ်ကစားလိုဟန်သည် ပေါ်လာ၍ ရိသဲ့သဲ့စကားကို ဆိုရန် စိတ်ကူးမိ၏။

ကျော်ဆွေ၌ ထိုကဲ့သို့ စိတ်လှုပ်ရှားသော်လည်း မူလတန်းကျောင်းမှ ကျောင်းဆရာမကြီးက ရိုက်သွင်းလိုက်သော ဩဝါဒသည် ကျော်ဆွေ၏ နဖူးပြင်တွင် ထင်လာ၏။ ၎င်း၏ ဆရာမကြီးသည် ကျော်ဆွေကို ဤသို့သော ဩဝါဒကထာနှင့်ရိုက်နှက်ကာ သွင်းထား၏။

"ပညာသင်ကြားစဉ်တွင် ရည်းစားထားခြင်းနှင့် အိမ်ထောင်ပြုခြင်းသည် ၎င်း၏ ဘဝတာအတွက် တစ်စုံတစ်ခုသော ထိခိုက်မှုဖြင့် ညှိုးနွမ်းသော ဟင်းသီးပင်အညွန့်နှင့် တူ၏..."

ခင်ခင်တင့်ကား မိမိသည် ကျော်ဆွေ့ထံ စိတ်တွင်ရှိသည် အလျောက် မည်ကဲ့သို့ စာရေးဖူးသည်ကို သတိမရတော့ပေ။ ထိုသို့လျှင် ဝမ်းမြူးနေသော မိန်းကလေးတစ်ယောက်ကို ထိုမိန်းကလေး ကျေးဇူးတင် အားထားခြင်းခံရသော ယောကျ်ားတစ်ယောက်က မရိုးမသားသည် ရှိသော် ၎င်းတို့၏ ကပွဲသည် ပျော်စရာလိုလိုနှင့် အပူခန်းသို့ ရောက်မှန်းမသိရောက်သွားတတ်လေသည်။

ထိုသို့နှင့် ကျော်ဆွေနှင့် ခင်ခင်တင့်သည် တက္ကသိုလ်သို့ ရောက်သွားကြလေသည်။ ၎င်းတို့ချင်း တက္ကသိုလ်သို့ ရောက်သွားကြခြင်းကား တူ၏။

ခင်ခင်တင့်သည် ဝိဇ္ဇာလမ်းကိုလိုက်၍ ကျော်ဆွေသည် သိပ္ပံလမ်းကိုလိုက်၏။ ထိုမှတစ်ပါးလည်း ခင်ခင်တင့်သည် အများသော တက္ကသိုလ် မောင်မယ်ကဲ့သို့ ဂုဏ်နှင့် လခကို အကြောင်းရင်းခံကာ စာမေးပွဲအောင်ရန်ကို ရည်မှန်းပြီးလျှင် တက္ကသိုလ်၌ စာပေပညာကို လိုက်စား၏။ ထို့ကြောင့် စာမေးပွဲအောင်ရန်ဆိုသော် ကျိန်းသေမည့် လမ်းစဉ်တစ်ခုကို ခင်ခင်တင့်သည် လိုက်မည်ဖြစ်၏။

mgyoe.com

mgyoe.com


ကျော်ဆွေသည်ကား စာမေးပွဲအောင်ခြင်းသည် အဓိပ္ပာယ်မဲ့၏။ အတတ်ပညာရှိခြင်းသည်သာ အကြောင်းအကျိုးကို ဆင်ခြင်နိုင်သော ဉာဏ်ရှိ၍ တိုင်းပြည်လူမျိုး၏အကျိုးကို ဆောင်ရွက်နိုင်၏။ အတတ်ပညာ တတ်သည်ရှိသော် စာမေးပွဲအောင်မှုသည် ကလေးကစားခြင်း တစ်ခုကဲ့သို့ဟု အောက်မေ့ထား၏။

ကျော်ဆွေသည် မည်ကဲ့သို့ အခြေခံအားဖြင့် စာပေသင်ကြား တတ်မြောက်လာဘိသနည်း။ "တစ်ကုန်းလုံးပုတတ်မြီးတို့ချည်းပဲ..." ဆို စကားကဲ့သို့ ကျော်ဆွေထွက်လာခဲ့သော မူလတန်းကျောင်းက ကျောင်းသားများသည် ထိုကဲ့သို့ သဘောသက်ရောက်နေကြလေသလော...။

ကျော်ဆွေ၌ ပြင်းထန်သော စွဲလမ်းမှု ဝါ သဘောပေါက်ထားသည်ကား ဤသို့ဖြစ်၏။ ဂုဏ်ကြီးမြင့်အောင် လခစား အရာရှိကြီးငယ်ဖြစ်အောင် စာသင်ကြားခြင်းသည် နိုင့်ထက်စီးနင်းပြုလုပ်လေ့ရှိသော ငွေရှင် ဝါဒ၊ အရင်းရှင်ဝါဒတစ်ခုဟူ၍ ဖြစ်၏။ မရှိဆင်းရဲနွမ်းပါးသဖြင့် အစိုးရ စရိတ်နှင့်သော်လည်းကောင်း၊ အခြားက တစ်နည်းနည်းနှင့်သော စရိတ်နှင့်သော်လည်းကောင်း၊ ပညာသင်ကြားခံယူရသော သူ တစ်ယောက်သည်ပင်လျှင် ဂုဏ်ကြီးမြင့်အောင်၊ ရာထူးရာခံရအောင် စာမေးပွဲအောင်လိုသောသူသည် စာမေးပွဲအောင်ခြင်းတည်းဟူသော အရင်းနှင့် အခြားသူများအား တိုက်ခိုက်ဖိနှိပ်ချုပ်ချယ် သတတ်။ ထို့ကြောင့် ထိုသည်လည်း အရင်းရှင်ဝါဒဟု ကျော်ဆွေသည် ယူဆနေ၏။ မှားသတတ်လော...။

ကျော်ဆွေသည် ဤသို့သက်သေထုတ်၏။ မြစ်ကမ်းတစ်ခုရှိ သင်္ဘောဆိပ်တစ်ခု၌ ကူလီတစ်စုသည် အသင်းဖွဲ့၍ ဤသို့ဤမျှ ရမှ ခရီးသည်များ၊ ကုန်သည်များ၏ ပစ္စည်းများကို သယ်ရမည်ဟု ညီညွတ်စွာ ဆောင်ရွက်လုပ်ကိုင်နေကြ၏။ ထိုသူတစ်စုသည် မိမိတို့၏ ခွန်အား

mgyoe.com

mgyoe.com


အစွမ်းကို အရင်းတည်၍ ကြုံလာသောသူ ဟူသရွေ့ကို တိုက်ခိုက်ခြင်းကြောင့် သူတို့လည်း အရင်းရှင်ဝါဒ၊ အရင်းရှင်ဝါဒသည် လောကကို နှိပ်စက်နေ၏ဟု ကျော်ဆွေသည်ယူဆ၏။ ကျော်ဆွေသည်ဘာကို ဘယ်လို သဘောပေါက် ယူဆနေဘိသနည်း။

ထိုသို့သော သဘောကြောင့် ကျော်ဆွေနှင့် ခင်ခင်တင့်သည် တစ်ယောက်နှင့် တစ်ယောက် ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံနေစေကာမူ သဘောအယူအဆချင်းကား အတော်ပင် ကျောချင်းကပ်သကဲ့သို့ ဖြစ်နေ၏ ။

၎င်းတို့နှစ်ဦးမှာ… ခင်ခင်တင့်မှာကား ရုပ်ရည်တင့်မောဖွယ် ဖြစ်သည်။ အများနှင့်လည်း ပေါင်းသင်းဆက်ဆံရန် မခဲယဉ်းသကဲ့သို့ ဖြစ်၍ အတော်ပင် ထင်ရှား၏။ ကျော်ဆွေမှာကား တစ်ကျောင်းလုံးနှင့် တစ်ယောက်ကဲ့သို့ ဖြစ်နေ၏။ တက္ကသိုလ်၌ နိုင်ငံရေးသမားတို့၏ သွေးထိုးစနစ်အရ အဖွဲ့အသီးသီးရှိနေရာ ကျော်ဆွေသည် မည်သည့်အဖွဲ့မှာမှ မပါဘဲ တစ်ကိုယ်တော်အဖြစ်နှင့် ထီးထီးနေ၍ အယုတ်သဖြင့် ၎င်းတို့မြို့မှလာသော တက္ကသိုလ်မောင်မယ် ဆယ်ယောက်တို့နှင့်ပင် သဘောချင်း မတိုက်ဆိုင်သကဲ့သို့ ရှိနေ၍ ပေါင်းသင်းမရ ဖြစ်နေ၏။

ကျော်ဆွေသည် တော်တော် ဘုကျနေသော လူစား။

တက္ကသိုလ်၌ ထိုခေတ်တွင် ကျော်ဆွေသည် ဘုကျသော မောင်တစ်ယောက် ဖြစ်လင့်ကစား နိုင်ငံရေးပါတီတို့၏ အရောင်မဟပ်သော အားကစားအသင်း၊ စာပေလိုက်စားသောအသင်း၊ သိပ္ပံအသင်းစသည်တို့၌ကား ပါဝင်၍ တင်းနစ်(စ်) ကစားခြင်း၊ ဘောလုံးကစားခြင်းတို့တွင် အရေးရောက်သော မောင်တစ်ယောက်ကဲ့သို့ ဖြစ်ပုံရ၏။

ကျော်ဆွေသည် ထိုသို့ တက္ကသိုလ်မောင်အဖြစ်နှင့် တည်၏။ ခင်ခင်တင့်သည်ကား နိုင်ငံရေးပါတီတစ်ခု၏ အရောင်ဟပ်သော

mgyoe.com

mgyoe.com


အသင်းတစ်ခု၌ အမှုဆောင်အဖြစ်နှင့် ပါနေသော မယ်တစ်ယောက် အဖြစ်နှင့် တည်၏။ ထိုကဲ့သို့လျှင် ၎င်းတို့ နှစ်ယောက်သည် တက္ကသိုလ် မောင်မယ်အဖြစ်နှင့် တက္ကသိုလ်တွင် အချိန်ကို သုံးနေ၏။

ထိုသို့နှင့် တက္ကသိုလ်၌ သမဂ္ဂရွေးရန် အချိန်ဆိုက်ရောက်လာ၏။ ထိုတက္ကသိုလ် သမဂ္ဂရွေးရန် အသင်း သုံးသင်းသည် ပြိုင်ကြ၏။ ထို့ ကြောင့် ကျောင်းတိုက်၌ ပိုစတာအမျိုးမျိုးကိုလည်း ကပ်ကြ၏။ တစ် သင်းကို တစ်သင်း စောင်းမြောင်း၍ စာတမ်းများ၊ လက်ကမ်းများကို ထုတ်ဝေ ကြ၏။

ခင်ခင်တင့်ကား ၎င်း၏ အပေါင်းအသင်းနှင့် တင်ကြို၍ မဲဆွယ် သဖြင့် မအားနိုင်ဖြစ်နေ၏။ ကျော်ဆွေမှာကား စာတမ်းအမျိုးမျိုး၊ ကြော်ငြာစာအမျိုးမျိုးကိုရ၍ တစ်ဆုပ်ကြီး ဖြစ်နေ၏။ ၎င်းကို ကျော်ဆွေ သည် မဖတ်ချေ။ ဤသို့စဉ်းစား၏။

“ဒါတွေဟာ... နိုင်ငံရေးသမားတို့ရဲ့ အရောင် တက္ကသိုလ်သို့ ထိုးဝင်လာခြင်းလား၊ သို့မဟုတ် အနောက်နိုင်ငံများရဲ့ ယဉ်ကျေးခြင်းဆို တဲ့ အများသဘောကျ ဒီမိုကရေစီသဘောကို တက္ကသိုလ်မောင်မယ်တို့ အား လေ့ကျင့်စေခြင်းလား...”

သည်သို့ဆိုသော် ဒီမိုကရေစီဆိုတဲ့ အများသဘောကျစနစ်ဟာ လူချင်းကို ကွဲပြားစေတာလား၊ လူအချင်းချင်းကို ရန်တိုက်ပေးတာ လား၊ ဘာလဲ....။ ကျောင်းသားချင်းကား ဟိုပါတီ၊ သည်ပါတီ၊ ဟိုအသင်း၊ သည်အသင်းနှင့် ကွဲပြားနေလေပြီ။ အသင်းတစ်သင်းဟာကား မြေ အောက်တော်လှန်ရေးသမားတို့ရဲ့ သဘောအရ ၎င်းတို့ရဲ့ အထောက် အပံ့နှင့် ဆောင်ရွက်နေတယ်လို့ ဟိုလူတစ်စုက ပြောနေတယ်။ မှန်ရင် သည်အသင်းဟာ တက္ကသိုလ်ပညာသင်ကြားရေးကို အကြီးအကျယ် ထိခိုက်စေတော့မှာပဲ၊ ခွက်ခွက်လောပြီ...။

mgyoe.com

mgyoe.com


ဘာပဲဖြစ်ဖြစ် သည်ရွေးကောက်ပွဲစနစ်ဟာ ကျောင်းသားတွေကို ကွဲစေတာပဲ၊ သည်အကွဲကြီးနှင့် ကျောင်းထွက်သွားကြလို့ တက္ကသိုလ်မောင်မယ်များဟာ ကျောင်းထွက်သွားကြကာ နယ်အရပ်ရပ်မှာ နိုင်ငံရေးထဲဝင်ကြပြီး ဆောင်ရွက်ကြရင် ဒို့နိုင်ငံဟာ အကွဲနိုင်ငံကြီး ဖြစ်မှာပဲ၊ ဟင်... နိုင်ငံကွဲကြီးဟာ ကောင်းစားပြီး လူမျိုးတန်ခိုးကြီးပါ့မလား၊ ကောင်းစားရင်ကော ကောင်းစားသင့်သလောက် ကောင်းစားပါ့မလား။

ကျော်ဆွေသည် သမဂ္ဂအတွက် ဆောင်ရွက်နေကြသော လူတစ်စုကို မျက်စိနောက်ကာနေလေပြီ၊ ကျော်ဆွေသည်လည်း နိုင်ငံရေးသမားများ၏ မျက်စိထဲ၌ ပိုးစပ်ကောင်ဖြစ်နေလေပြီ။ ဘယ်လိုကျော်ဆွေလဲ၊ စာရေးသူ ကျွန်ုပ်ကား ဒီမိုကရေစီကို သဘောကျလာသူဖြစ်၍ ထိုခေတ်ထိုအခါက ကျော်ဆွေကို နိုင်ငံရေးသွားရာလမ်း၌ ခလုတ်ကလေးတစ်ခုဟု စဉ်းစားမိတော့ပြီ။

ကျော်ဆွေသည် ဤသို့စဉ်းစားမိပြန်၏။

ဒါဟာ ယဉ်ကျေးတယ်ဆိုတဲ့ အနောက်နိုင်ငံရဲ့ စနစ်ပဲ၊ သည်သို့ဆိုသော် ဒို့နိုင်ငံမှာ သည်စနစ်ဟာ သရက်သီးကို မရင့်မီ ဆွတ်ပြီး အုပ်တာနှင့်များ တူလေမလား။

မြေအောက်တော်လှန်ရေးသမားများ၏ အလိုကိုလိုက်လျော၍ ၎င်းတို့၏ အကူအညီကိုယူပြီးလျှင် လုပ်ကိုင်ဆောင်ရွက်ကြသူများသည် နိုင်ငံတော်၏ကောင်းကျိုးကို တကယ်အစစ် ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ကျောင်း မောင်မယ်များကို ပြုပြင်ချင်၍လား၊ သူတို့ပြုပြင်၍ ဖြစ်ပါ့မလား...။

ငါသိရတယ်...၊ ပြင်ပနိုင်ငံရေးသမားများရဲ့ အကူအညီကို ယူပြီး ကျောင်းမှာလာနေတဲ့ နိုင်ငံရေးသူလျှိုမောင်မယ်များဟာ နှစ်ချင်းစာမေးပွဲကို အောင်နိုင်ပါလျက် အောင်အောင် မဖြေဘဲ တစ်တန်းမှာ သုံးနှစ်

mgyoe.com

mgyoe.com


နေကာ တက္ကသိုလ်မှာ တစ်ဆယ့်နှစ်နှစ် ခိုအောင်းနေပြီး နိုင်ငံရေးကို လှုပ်ရှားစေကာ လှုံ့ဆော်ပေးခြင်းဖြင့် သွေးထိုးလုပ်ကိုင်နေသတဲ့...

ဒါဟာ မှန်ရင် တပ်ဦးမှာ မိန်းမနှင့် အဝတ်မခြုံသေးတဲ့ ကလေးတွေကိုထားပြီး စစ်တိုက်တဲ့ စစ်ဗိုလ်မှူးလို အစိုးရကို ကျောင်းသားများနှင့် တိုက်ဖို့ ကြံစည်တာပဲ။ ပညာသင်ကြားရေးနှင့် သက်ဆိုင်သလား၊ ခေတ်မီမီ အတတ်ပညာမတတ်တဲ့ တိုင်းပြည်ဟာ ကမ္ဘာမှာ တင့်တင့်မြင့်မြင့်နှင့် ကောင်းစားနိုင်ပါ့မလား...။

ခင်ခင်တင့်သည်ကား သူတို့အဖွဲ့မှ မဲရရန် ကျားကုတ်ကျားခဲ မအားမလပ်နိုင်ဘဲ ကြိုးစားနေရ၍ အတော်ပင် မောသော်လည်း ပျော်သကဲ့သို့ ရှိနေ၏။ ထိုသို့နှင့် မဲရွေးကောက်ပွဲနေ့သို့ ရောက်သွားချေပြီ။ ထို့ကြောင့် နံနက်လင်းသည်ကစ၍ တက္ကသိုလ်နယ်မြေ၌ အိုးစည်သံ၊ ဗိုးပတ်သံတို့နှင့် ဆူဝေလျက် တညံညံ၊ တအုန်းအုန်းနှင့် ပျော်ကောင်းပျော်ဖွယ်ဖြစ်နေ၏။

ခင်ခင်တင့်သည်ကား ၎င်းတို့အသင်းမှ မဲများစွာရရန် မဲဆွယ်ကာ လူခေါ်နေ၏။ ကျော်ဆွေသည် မည်သူ့အားမျှ မဲမထည့်လို၍ မြို့ထဲသို့ လျှောက်လည်နေမည်ဟု ကြံဆပြီးမှ ဤအပြုအမူကား သူရဲဘောကြောင်သော သူ၏ အပြုအမူမျိုးဟူ၍ မဲပေးရန် ခေါ်နေသူ၊ မဲဆွယ်နေသူ တီးမှုတ်ကခုန်ကာ သံချပ်တိုင်နေသူများကို ကြည့်နေပြီးလျှင် 'အင်း... ဒါဟာ ငါတို့ပြည် အနာဂတ်၌ မည်သို့ဟု တက္ကသိုလ်ကျောင်းများက နိမိတ်ပြတာလား' ဟု တွေးဆနေလေ၏။

ထိုအတွင်း ခင်ခင်တင့်သည် အဖော်အမျိုးသမီးနှစ်ယောက်နှင့် ကျော်ဆွေထံလာရောက်၍ သူတို့၏လူကို မဲပေးရန် ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်နှင့် ဆွဲဆောင်ကာ ပြောလေ၏။ ထိုအချိန်၌ ခင်ခင်တင့်မှာ အလွန်ချစ်စရာသော မျက်နှာကလေး ချိုချိုနှင့် စိုကာနေသောကြောင့်

mgyoe.com

mgyoe.com


ခင်ခင်တင့်က မဖြိုလိုက်ဘဲနှင့်ပင် ပြုံမတတ် လူပျိုပေါက်ကလေး များ၏ စိတ်တွင် ရှိကြမည်ဖြစ်၏။ ထို့ကြောင့်ပင် ၎င်းတို့၏အဖွဲ့က ခင်ခင်တင့်ကို မဲဆွယ်ပြီးလျှင် ခေါင်ငင်ရန်ထားပုံရ၏။ ထိုသဘောကား ပါတီရေးသမားများ၏ လက်ကျနှင့်တူ၏။

ကျော်ဆွေကား ပြုံကျသွားမလား။ အများက ငတိ ဘုကောင်ဟု ဘွဲ့ပေးထားသော ကျော်ဆွေသည် တိ၍ပင်နေသဖြင့် ခင်ခင်တင့်က ဆွယ်ကာခေါ်သည်ကို ခေါင်းခါကာနေ၏။ ခင်ခင်တင့်လည်း ပြုံးစိစိကလေးနှင့် ဤသို့လျှင် တာသည့်သဘောနှင့် ပြောပြန်၏။

"ကျွန်မကိုပဲ အားနာပါရှင်..."

(ကျော်ဆွေသည် ခေါင်းခါ၍သာ ပြောင်ပြောင်ကြီးနေ၏။)

"ရှင် ကျွန်မကိုမှ မငဲ့ရင် ဘယ်သူ့ကို ငဲ့ဦးမှာလဲ၊ ကျွန်မက ရှင့်အပေါ်မှာ စိတ်ထားသလို ကျွန်မရဲ့အပေါ်မှာ ရှင် စိတ်ထားစမ်းပါရှင်..."

"ကျုပ်က အဖြူကိုသာ ပေးချင်တာဗျ..."

"ကျွန်မက ဖြူဖြူစင်စင်ပါရှင်၊ လာပါ မဲပေးခန်းဝင်ပါ..."

"မင်းကသာ ဖြူဖြူစင်စင်လို့ဆိုနေတယ်...။ မင်းကောင်းတာက မဲတောင်းတာပါလား၊ ကျုပ် မဲမပေးနိုင်..."

ခင်ခင်တင့်သည် စိတ်ဆိုးသယောင်ပြုကာ ကျော်ဆွေ့ထံမှ ဆွဲမရ၍ ပြန်သွားလေ၏။

ကျော်ဆွေကား သမဂ္ဂရွေးကောက်ပွဲ၌ မဲအတွက် ကြိုးစားနေကြသော တက္ကသိုလ်မောင်မယ်များကို ကြည့်ပြီးသော် ဤသို့ စိတ်ကစားနေလေ၏။

ခုစနစ်ဟာ ဥရောပတိုက်က ဆင်းသက်လာတဲ့ စနစ်ပဲ၊ ငါတို့လူမျိုးဟာ ကိုယ့်လူမျိုးကို ကိုယ်ဘယ်လို အခြေ၊ ဘယ်လိုလဲ၊ ဘယ်လိုသဘောလဲဟု မသိဘဲ နိုင်ငံတစ်ပါးက အတုကို ဘာမဆို ခိုးတတ်လေ

mgyoe.com

mgyoe.com


သည်။

ကုလားထိုင်ပေါ်တွင် ထိုင်၍ စားပွဲပေါ်လက်တင်ပြီးသော် စိတ်ကူးကြံဆကာ နိုင်ငံတစ်ပါးက အတုကိုမရှက်မကြောက်ဘဲ ယူပြီးသော် စီမံလုပ်ကိုင်နေသူသည် မိမိလုပ်ကိုင်ခြင်း၏ အဖြေသည် ဘယ်လိုဖြစ်နေသလဲဟု မတိုင်းဆ၊ မသိတတ်လျှင် အကန်းနှင့် အရူးသာ ဖြစ်ချေသည်။

စီမံလုပ်ကိုင်နေသူသည် မိမိလုပ်ကိုင်ခြင်းကြောင့် သူတစ်ပါးအကျိုးကြီးသလား၊ နည်းသလား၊ စိတ်နှလုံး ချမ်းမြေ့သလား၊ ဆင်းရဲသလား၊ ငါ့ကို အလိုရှိသလား၊ မုန်းသလားဟု သိဖို့လိုသည်။ ထိုသို့မသိဘဲနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းမည်သည် တိုင်းပြည်ကို ဒဏ်ပေးရာရောက်ချေသည်။

မည်သည့်တိုင်းပြည် နိုင်ငံမှာမဆို၊ တိုင်းပြည်၏သဘာဝနှင့် ဆန့်ကျင်ဘက်ဖြစ်လာခဲ့ချေသော် သာယာအေးချမ်းနေသော နိုင်ငံသည် ပူပြင်းလာရမည်။ ကြောင့်ကြမဲ့ ပျော်ရွှင်နေသော နိုင်ငံသည် စိုးရိမ်တကြီးနှင့် ညည်းတွားနေရမည်။ ထို့ကြောင့် ထုံးတမ်းစဉ်လာနှင့် သဘာဝသည် ယခု ငါတို့ကျောင်းသားများ အပြုအမူနှင့် မည်ကဲ့သို့ နေမည်လဲ...။

နိုင်ငံရေး ဆရာများက ကျောင်းသားများသည် နောင်တစ်ခေတ်တွင် တိုင်းပြည်ကို တည်ထောင်ရမည်ဖြစ်ခြင်းကြောင့် ခေတ်မီ အတတ်ပညာကို သင်ပေးသည်ဟု ယူဆကောင်း ယူဆကြပေလိမ့်မည်။ သို့ရာတွင် ထိုစနစ်သည် ကျောင်းသားထုကို စည်းလုံးစေသလော၊ ညီညွတ်စေသလော၊ ကွဲစေသလော၊ မြင့်တင်သလော၊ အဆင်းတွန်းသလော...။

ကျော်ဆွေသည် ထိုသို့လျှင် စဉ်းစား၍ မည်သူ့ဘက်ကမှ မဲမထည့်ဘဲ နေလေ၏။ ထိုသဘောကြောင့် ကျော်ဆွေသည် တစ်ကျောင်းလုံး၏ ဘုကောင်သဘောသက်ရောက်၍ အခြားကျောင်းသားများ၏ ရှုတ်ချခြင်းကိုပင် ခံရလိမ့်မလား။

mgyoe.com

mgyoe.com


ကျော်ဆွေ၏ သဘောမှာကား သူသည် တက္ကသိုလ်ကျောင်းတိုက်သို့ ပညာတတ်ရန်သာ လာရောက်သည်ဟု သဘောပြုပြီးသော် အခြားခေတ်သဘောတို့ကို တုန်လှုပ်ကောင်းမှ တုန်လှုပ်ပေလိမ့်မည်။

သမဂ္ဂရွေးကောက်ပွဲ၌ကား ခင်ခင်တင့်တို့ အသင်းက အုပ်သွားလေသည်။ အုပ်သွားမှာပေါ့၊ ခင်ခင်တင့်တို့အသင်းမှာ ငွေဖောဖောသုံးနိုင်သည့်ပြင် ခေါင်းဆောင်နှစ်ယောက် သုံးယောက်မှာ ဗြောက်ကိုခါးတွင် ချိတ်လျက် ဟန်ရေးပြနေနိုင်ကြပေသည်။

ထိုသို့သော ကျောင်းသားခေတ်ကို ခေတ်ကောင်းဆိုမလား။

ခင်ခင်တင့်သည် တက္ကသိုလ်ကျောင်းသား သမဂ္ဂ၌ အမှုဆောင်တစ်ယောက်အဖြစ်နှင့် ပါဝင်ရသည့်အပြင် "ခင်ခင်တင့်..." ဟု အတော်ပင် တက္ကသိုလ်ကျောင်းတိုက်၌ ထင်ရှားသွားလေသည်။ ထိုသဘောကြောင့် ခင်ခင်တင့်သည် ၎င်းကိုယ်တိုင်များစွာ အထင်ကြီးပြီးသော် ကျော်ဆွေထက်ပင် သာသွားသည်ဟု ယူဆ၏။ သို့ရာတွင် ခင်ခင်တင့်သည် မိမိတက္ကသိုလ်သို့ အဘယ်ကြောင့် လာရောက်ပညာသင်ကြားရသည်ဟု မစဉ်းစားမိ၊ ကျော်ဆွေကား ဘုကျသော သူတစ်ယောက်ဟု ထင်မြင်သည့်ပြင် လူရာမဝင်သော အလကား ဖွတ်ကောင်ဟု ခင်ခင်တင့်၏ စိတ်တွင် ထင်မြင်လာလေပြီ။ တက္ကသိုလ်သို့ မရောက်မီ တက္ကသိုလ်သို့ရောက်စ၌ ခင်ခင်တင့်၏ ကျော်ဆွေ့အပေါ်၌ စိတ်ထားမှာ ၎င်း၏နှလုံးအိမ်၌ ရစ်ဝဲကာရှိ၏။ ယခုအခါ၌ကား ကျော်ဆွေသည် ခွေးဝဲစားကလေးတစ်ကောင်ဟု ခင်ခင်တင့်သည် ထင်မြင်ပုံရှိ၍ အရေးမလုပ်လိုတော့ပေ။

ထိုသို့သော ခင်ခင်တင့်သည် လခစားအလို့ငှာ တက္ကသိုလ်သို့ လာရောက်ပညာသင်ကြားရခြင်းမှာ စာမေးပွဲအောင်ဖို့အတွက် အရေးကြီးသည်ကို သတိထားမိဟန် မရှိသည့်ပြင် ကျောင်းက ထွက်သောအခါ

mgyoe.com

mgyoe.com


၎င်းသည် တက္ကသိုလ်၌ ထင်ပေါ်ကျော်စောသည်။ တည်မြဲနေမည်လား၊ ပပျောက်သွားမည်လားဟု မျှော်မှန်းမိဟန်လည်း မတူပေ။

အချိန်သည်ကား ရပ်နားခြင်းမရှိဘဲ ကုန်ခန်းသွားသဖြင့် တက္ကသိုလ်၌ စာမေးပွဲဝင်ကြရလေပြီ။ တက္ကသိုလ် စာမေးပွဲသည် တက္ကသိုလ် မောင်မယ်တို့ကို မည်ကဲ့သို့ ဖြစ်စေသည်ဟု ခင်ခင်တင့်သည် စ၍တွေ့ရလေပြီ။

ခင်ခင်တင့်သည် စာမေးပွဲ၌ ကောင်းစွာ မဖြေဆိုနိုင်ပေ။ ထို့ကြောင့် သမဂ္ဂရွေးကောက်ပွဲတုန်းက ခင်ခင်တင့် ပျော်ခဲ့ခြင်း၊ စိတ်အားတက်ကြွခြင်းတို့သည် စာမေးပွဲ၌ ခင်ခင်တင့်ကို မည်ကဲ့သို့ ဖြစ်စေသည်ဟုကား ခင်ခင်တင့်သည် ရိပ်စားမိဟန် မတူသေးပေ။

ခင်ခင်တင့်သည် မိမိစာမေးပွဲ၌ ကောင်းစွာ မဖြေဆိုနိုင်သည်ကို ကျော်ဆွေအား အသိမပေးချေ။ ကျော်ဆွေကလည်း ဂရုတစိုက် ပြုကာ မမေးချေ၊ သမဂ္ဂရွေးကောက်ပြီးကတည်းက ကျော်ဆွေနှင့် ခင်ခင်တင့်သည် မတွေ့တော့ပေ။ ထို့ကြောင့် တက္ကသိုလ်၌ နိုင်ငံရေးပါတီများ၏ အရှိန်ဟပ်မှုသည် ကျောင်းသားများကို မည်ကဲ့သို့ ဖြစ်စေသည်ဟု ကျော်ဆွေသိသလို ခင်ခင်တင့်သည် သိကောင်းမှ သိပေမည်။

ခင်ခင်တင့်တို့ တစ်သိုက်ကား စာမေးပွဲပြီး၍ အိမ်သို့ပြန်ကြပြီ။ ကျော်ဆွေကား သိပ္ပံယူသောသူဖြစ်၍ လက်တွေ့စာမေးပွဲမပြီးသေးသဖြင့် ကျောင်းတွင် ကျန်ခဲ့ပေသည်။ သို့သော်လည်း... ကျော်ဆွေသည် ၎င်း၏ စာမေးပွဲ၌ အပြည့်အစုံပြီးစီးပြီးနောက် အိမ်သို့မပြန်ဘဲ ပွတ်စက်တစ်ခုတွင် အလုပ်သင်နေလေသည်။

ထိုသို့သောအကြောင်းကို ခင်ခင်တင့်သည် အိမ်သို့ပြန်ခဲ့ရာ၌ ကျော်ဆွေနှင့် မတွေ့သဖြင့် မသိခဲ့ပေ။ ခင်ခင်တင့်သည်ကား များစွာ စိတ်မပျော်လှပေ၊ ဟန်လုပ်ကာသာ သူငယ်ချင်းများနှင့်တွေ့က သွားပေါ်

mgyoe.com

mgyoe.com


ရပေသည်။ အကြောင်းမှာကား သူသည် စာမေးပွဲ၌ ရှုံးမည်ဟု ထင်သောကြောင့် ဖြစ်ချေသည်။

တစ်နေ့သ၌ ခင်ခင်တင့်၏အိမ်တွင် ၎င်း၏သူငယ်ချင်း လေးယောက်နှင့် စုဆုံကာ ပျော်ပျော်ပါးပါးနှင့် ခင်ခင်တင့်သည် စကားပြောနေကြသည်။ ထိုသူငယ်ချင်းတစ်စုတွင် ရပ်ဝေးကဖြစ်သော ဝိဇ္ဇာ (က) စာမေးပွဲကို ဝင်ထားပြီးဖြစ်သော ခင်မောင်အေးဆိုသူလည်း ပါသည်။

ခင်မောင်အေးသည် တက္ကသိုလ်၌ ခင်ခင်တင့်တို့နှင့် သမဂ္ဂကိစ္စကို လုပ်ဖော်ကိုင်ဖက်ပင် ဖြစ်သည်။ သို့သော် ခင်မောင်အေးမှာ တက္ကသိုလ်သမဂ္ဂ၌ အမှုဆောင်မဟုတ် အသင်းဝင်မျှသာ ဖြစ်ချေသည်။

ခင်မောင်အေးကား လူချောတစ်ယောက် ဖြစ်ရာတွင် အပြောအဆိုအတော်ပင် ညက်၏။ အပေါင်းအသင်းလည်း ဆံ့၏။

ခင်ခင်တင့်တို့တစ်စုသည် လက်ဖက်ရည်ဖန်ပွဲ စားဖွယ်သောက်ရာများနှင့် စကားပြောဆိုနေရာ ခင်မောင်အေး၏ မျက်လုံးသည် ခင်ခင်တင့်ကို တည့်တည့်ကြီးချိန်၍ ပြုံးစိစိနှင့် မိအောင်ကြည့်ပြီးသော် စကားပြောလေသည်။ ထိုသဘောကို ခင်ခင်တင့်မှာ ချို၍မပြိုသော်လည်း ၎င်း၏မျက်နက်ကလေးကို သူငယ်ချင်းများ၏ ရှေ့တွင် မျက်တောင်စင်းကာအောက်သို့စိုက်ချင်၏။ ဤသို့လည်း သဘာဝအလျောက် ပြောသေး၏။

"ကျွန်မတော့ စာမေးပွဲအောင်စာရင်းမထွက်သေးလို့ ရင်ထဲကတထိတ်ထိတ်နှင့် ရှင့်..."

"အတင့်တို့လိုက ထိတ်စရာမလိုပါ..."

"ကျွန်မ သိပ်အားမရပါ..."

"အတင့်တို့လို အစားထဲကတော့ အားမရစရာ မရှိပါဘူး..."

"ကျွန်မကတော့ ထိတ်တာပဲရှင့်..."

"မထိတ်ပါနှင့်ဗျာ...၊ အောင်စာရင်းထွက်လာတော့မှ ကျွန်တော်

mgyoe.com

mgyoe.com


ပြောတာ ဟုတ်ပေတယ်လို့ သိမှာပါ…"

"ရှင်ပြောလို့… ခုစိတ်သက်သာသွားတာပဲ…"

"စိတ်အေးပါဗျာ…"

"ရှင် မပြန်သေးဘူးပေါ့"

"ဟုတ်ကဲ့… သည်မြို့ရောက်ခိုက် ဘုရားတွေလိုက်ဖူးဦးမယ်ဗျာ…"

"ရှင်… နက်ဖြန်ညနေ ကျွန်မတို့ အိမ်မှာ ထမင်းစားပါ၊ ကျွန်မ ဖိတ်ပါတယ်…"

"နေပါစေ…"

"ဘာနေရမှာလဲရှင်…၊ ရှင်တို့သုံးယောက်ရော… ပျော်ပျော်ပါးပါး ပေါ့…"

*

ခင်ခင်တင့်သည်ကား… ယခုအခါ၌ အတော်ပင် ထင်ရှားသော တက္ကသိုလ်မယ်တစ်ယောက်ဖြစ်နေသည်ဟု ဆိုစရာရှိ၏။ မိဘကလည်း ချမ်းသာ၏။ ခင်ခင်တင့်ကလည်း လှ၏။ တက္ကသိုလ်မယ်ပီသစွာရဲ၍ အပေါင်းအသင်းလည်း ဆံ့၏။

ခင်ခင်တင့်သည် ထိုနှစ် နှစ်ဆန်းတစ်ရက်နေ့၌ ကျော်ဆွေကို ဈေးအနီးတွင် ရိပ်ခနဲမြင်လိုက်၏။ ကျော်ဆွေသည် မုချ သူနေဖူးသော အိမ်သို့ ဝင်ရမည်ဟု ခင်ခင်တင့်သည် အောက်မေ့၏။ ကျော်ဆွေ ထိုသို့ လာရောက်သော် ထီးထီးကြီးအပျို့ဂိုက်နှင့် နေမလား၊ သူ့ထံ ရှေးကကဲ့သို့ သွားရောရမလားဟု ခင်ခင်တင့်သည် တွေးဆ၍ ဤသို့လည်း စိတ် ကစား၏။

"အလကားအကောင်… လူနောက်၊ ဘာမှန်းမသိ၊ အူကြောင် ကြောင်၊ လူရာမဝင်။ လာပေစေ သူ့ထံငါ အကဲပြမည်။ ဒို့အဖွဲ့က

mgyoe.com

mgyoe.com


သူ့အား မဲပေးရန် ငါအတန်တန်သွားပြီးခေါ်ရာ သူမပါ၊ တကယ်ဆို ငါ့မျက်နှာ ကိုကြည့်ပြီး သူလိုက်လာသင့်တယ်”

ခင်ခင်တင့်သည် သူတို့ဘာကြောင့် တက္ကသိုလ်မှာ သမဂ္ဂတွင် တာဝန်ထမ်းဆောင်ရရန် အပြိုင်အဆိုင် အိုးစည်ဗုံမောင်းနှင့် ရွေးရ သည်ဟု နားမလည်။ နိုင်ငံရေးသမားလူလည်များက ကျောင်းသားများ ကို မည်ကဲ့သို့ အသုံးချရန်အတွက် မြှောက်ထိုးကော်ပင့်လုပ်ထားသည်ဟု ခင်ခင် တင့်သည် မသိချေ။

တက္ကသိုလ်တိုက်မှ နိုင်ငံရေးပါတီ၏ အရောင်နှင့် တွင်ကျယ်နေ ခဲ့သော သူတစ်ယောက်သည် ကျောင်းကထွက်လာသောအခါ လယ် သမားတစ်ယောက်လောက်မျှ နိုင်ငံရေးတွင် နိုင်ငံရေးသမားက တန်ဖိုး ထားမထားကို ခင်ခင်တင့်သည် မသိ။ ခင်ခင်တင့်သည် တက္ကသိုလ် မှာ သမဂ္ဂသည် မည်မျှလောက် တန်ခိုးရှိသည်၊ ထိုတန်ခိုးသည် အဖျက်၌ တန်ခိုးရှိသည၊ အပျက်၌ တန်ခိုးရှိသည်ဟု ဝေဖန်တတ်ပုံလည်း မရပေ။

ထို ခင်ခင်တင့်သည် ၎င်းနှင့် အထက်တန်းကျောင်းတွင် လူချင်း ဆိုင်လာခဲ့သော် ကျော်ဆွေသည် သူကျောင်းနေစဉ်က နေလာခဲ့သော အိမ်သို့ ဝင်သတတ်ဟု အကဲခတ်နေ၏။

ထိုသို့ ခင်ခင်တင့် အကဲခတ်သော်လည်း ကျော်ဆွေသည် ပေါ်မ လာချေ။ ကျော်ဆွေသည် ထိုအိမ်သို့ ဘာကြောင့်လာရမလဲ၊ ကျော်ဆွေ သည် လောကွတ်နှင့် ကျောပွတ်သည့်သဘောဖြင့် အကြောင်းမဲ့ အပိုအမှု ကို တယုတယ ပြုပါ့မလား။ ခင်ခင်တင့်သည် ကျော်ဆွေနှင့် အထက် တန်းကျောင်းတွင် တတီးတိုးတိုးနေလာခဲ့သော်လည်း ကျော်ဆွေသဘော ကို သိတန်ကောင်းမှသိပေမည်။ ကျော်ဆွေ ဘယ်ကလာ၍ ဘယ်ကိုသွား သည်ဟု ခင်ခင်တင့်သည် လုံးဝမသိချေ။

ထိုသို့နှင့် စာမေးပွဲအောင်စာရင်းသည် ထွက်လာပြီ။ ကျော်ဆွေနှင့်

mgyoe.com

mgyoe.com


ခင်ခင်တင့်နှစ်ယောက်လုံးပင် အောင်လေသည်။ ထို့ကြောင့် ခင်ခင်တင့်သည် အတော်ပင် ဝမ်းသာသွားလေပြီ။ ခင်ခင်တင့်သည် စာမေးပွဲ၌ ကောင်းစွာမဖြေနိုင်၍ တထိတ်ထိတ်နှင့် နေခဲ့သည်။ ယခု ခင်မောင်အေး ပြောသည့်အတိုင်း သူသည် စာမေးပွဲအောင်သည်။ ခင်မောင်အေးသည် အမြင်ကျယ်သည်၊ ခေတ်မီသည်ဟု ခင်ခင်တင့်သည် ယူဆသည်။ ခင်မောင်အေးသည် တော်တော့ကို ခေတ်မီ၍ အဖိုးတန်လူတစ်ယောက် ဟုလည်း ခင်မောင်အေး၏ ဂုဏ်ရည်ကို ထပ်ဆောင်းလိုက်ပြန်သည်။

ထိုသို့ အမြင်ကျယ်၊ အဖိုးတန်သော ခင်မောင်အေးသည် သမဂ္ဂ အမှုဆောင်မဟုတ် သာမန် ဘမ်းနားဆားစုအဖွဲ့ဝင် တစ်ခုဖြစ်ကြောင်းကို ခင်ခင်တင့်သည် သိလျက်နှင့် သဘောသွားကို မရိပ်စားမိချေ။

ခင်ခင်တင့်သည် ဘာကြောင့်၊ ဘယ်လိုစာမေးပွဲအောင်သည်ဟု မသိချေ။ ၎င်းသည် ထင်ချင်သလို ထင်လိုက်၏။ ထိုထင်ခြင်းသည် အကြောင်းမှန် ဟုတ်ကောင်းမှဟုတ်ပေမည်။ ထိုသဘောကား နက်နဲ သည်။ ထိုသို့သော အခြေအနေအရ စာမေးပွဲ၌ အောင်သင့်သူလည်း မအောင်၊ မအောင်သင့်သူလည်း အောင်သည်ဟု ကျောင်းစကားပွေနေ သည်မှာ ပညာသင်ကြားရေး၏ အစစ်သဘောကို နားမလည်ရာ ရောက်နေပေသည်။

တက္ကသိုလ်ကျောင်းတော်ကြီးသည်ကား ကျောင်းပိတ်ရာမှ ကျောင်းပြန်ဖွင့်လေပြီ။ ကျော်ဆွေနှင့် ခင်ခင်တင့်တို့လည်း ကျောင်းသို့ ပြန်ရောက်ကြလေပြီ။ ခင်ခင်တင့်သည် မိန်းမတို့၏ မာန်တက်ခြင်းနှင့် တက်နေ၍ "ဒို့ကျေးရွာ" ဟု တောသားစိတ်မကုန်သော ကျော်ဆွေလည်း ၎င်း၏စိတ်ကို နှိမ့်ချခြင်းဖြင့် အတတ်ပညာ အကြားအမြင်ကိုသာ ရှာဖွေ နေပေသည်။ ထိုသို့ ရှာဖွေခြင်းသည် ၎င်း၏ 'ပညာသင်ကြားရေးသည် တိုင်းပြည်လူမျိုးအတွက်' ဟူသော အယူအားဖြင့် ဖြစ်ဟန်ရှိပေသည်။

mgyoe.com

mgyoe.com


ခင်ခင်တင့်၏ စိတ်နေစိတ်ထားနှင့် ကျော်ဆွေ၏ စိတ်နေစိတ်ထားတို့သည် ငယ်ကအတူတစ်ကျောင်းတည်း၊ တစ်တန်းတည်းနေ၍ ပညာသင်ကြားခံယူလာခဲ့သော်လည်း ခေတ်အလျောက် တက္ကသိုလ်၏ ပြုပြင်မှုကြောင့် များစွာ ခြားနားသွားလေတော့ပြီ။

ခေတ်အလျောက် တက္ကသိုလ်၏ လှုပ်ရှားမှုသည် တိုးတက်သော သဘော၏ အစိတ်အပိုင်းတစ်ခုဖြစ်စေကာမူ စိတ်မခိုင်မာသော သူတို့၌လည်းကောင်း၊ ရေရေလည်လည် လောကနိုင်ငံရေး အရောင်ပြောင်လက်ခြင်းကို မတည်းဖြတ်တတ်သောသူတို့၌လည်းကောင်း သွားနေရသောလမ်းသည် မချောမွေ့၊ မပြေမပြစ်ဖြစ်တတ်လေသည်။

ထိုသို့နှင့် ကျော်ဆွေနှင့် ခင်ခင်တင့်တို့သည် ပညာကို ဆက်လက်သင်ကြားခံယူနေ၍ ကျော်ဆွေသည် တစ်ကိုယ်တော်အဖြစ်နှင့် လည်းကောင်း၊ ခင်ခင်တင့်သည် ထင်ရှားပေါ်လွင်သူ အဖြစ်နှင့် လည်းကောင်း ရှိနေပေတော့ပြီ။ ကျော်ဆွေနှင့် ခင်ခင်တင့်သည်လည်း သူစိမ်းပြင်ပြင်ကဲ့သို့ နေထိုင်ကြလေတော့ပြီ။

ထိုသို့နှင့် ခြံ၍ရေးရမည်ဆိုသော် ခင်ခင်တင့်သည် ဘီအေ(က) ၌ လည်းကောင်း၊ ကျော်ဆွေသည် ဘီ–အက်စ်–စီ (က) ၌လည်းကောင်း၊ သင်နေလေတော့ပြီ။ ထိုနှစ်၌လည်း ခင်ခင်တင့်သည် လွန်ခဲ့သော နှစ်များကဲ့သို့ သမဂ္ဂရွေးကောက်ပွဲ၌ ကြိုးစား၏။ ထိုနှစ်မှာ ပြိုင်ဘက်အဖွဲ့တို့သည် အတော်ပင် အင်အားတောင့်သဖြင့် ခင်ခင်တင့်တို့အဖွဲ့မှာ စောစောကပင် တင်ကူးကြိုးစားရကား... ခင်ခင်တင့် မယ်ကျော်ကလေးမှာ သမဂ္ဂအတွက်အတော်ပင် အလုပ်မအား ဖြစ်နေပေသည်။

(ဤကား တိုးတက်သော တက္ကသိုလ်ပညာရေးစနစ်တစ်ခု ဖြစ်နေပေသည်။)

ထိုနှစ်မှာ ခင်ခင်တင့်တို့မည်ကဲ့သို့ ကြိုးစားသော်လည်း ခင်ခင်တင့်

mgyoe.com

mgyoe.com


တို့ အဖွဲ့ကို အထူးအားပေးသော နိုင်ငံရေးပါတီကြီးမှ မဲ့ပြောက်ထိုး စိုက်လာလေပြီအတိုင်း ခင်ခင်တင့်တို့အဖွဲ့သည် တက္ကသိုလ် သမဂ္ဂ ရွေးကောက်ပွဲ၌ အပြတ်အသတ် ရှုံးနိမ့်သွားလေတော့သည်...။

ခင်ခင်တင့်ကား စိတ်ချုံး၊ လူချုံးဖြစ်ပြီး အတော်ပင် မောဟိုက် သွားပုံရလေသည်။

နိုင်ငံရေးသဘောကို ကျောင်းသားမောင်မယ်များတို့သည် ကျနစွာ စဉ်းစားတတ်၍ စဉ်းစားမိလျှင် စာပေပညာသင်ကြားနေရသေးသော မောင်မယ်ကလေးတို့၌ မည်ကဲ့သို့ဟု သိသာနိုင်ကောင်းပေသည်။

ဤနှစ်တွင်လည်း ခင်ခင်တင့်တို့သည် စာမေးပွဲပြီး၍ အိမ်သို့ ပြန်ကြလေပြီ။ ခင်ခင်တင့်သည် ထိုနှစ်မှာလည်း ရှေးကကဲ့သို့ စိတ် ကျေနပ်အောင် စာမေးပွဲကို ဖြေဆိုနိုင်ခြင်းမရှိသော်လည်း အောင်လိမ့်ဦး မည်ဟု စိတ်ချကာ အပျော်ဆိုက်အကြည်တိုက် ရှိဟန်တူပေသည်။

တစ်နေ့၌ ခင်ခင်တင့်သည် ၎င်း၏သူငယ်ချင်း ဆရာမတစ် ယောက် နေမကောင်းသဖြင့် ဆေးရုံတက်နေရ၍ သွားရောက်ကာ မေးနေ လေ၏။

ထိုခဏမှာပင် ကျော်ဆွေသည်လည်း ထိုဆရာမကို မေးရန် ဆေးရုံသို့ ရောက်လာ၍ ကျော်ဆွေသို့ တွေ့လိုသေးသော ခင်ခင်တင့်နှင့် ပက်ပင်းပါတွေ့နေသဖြင့် ခင်ခင်တင့်သည် ပြုံးချိုသဘောနှင့် နှုတ်ဆက် ကာ ဝမ်းသာသယောင် ရှိနေ၏။ ထိုသဘောသည် မိန်းမတို့ သဘာဝ အတိုင်း ပရိယာယ်မှုလည်း ဖြစ်နိုင်၏။

ကျော်ဆွေလည်း ဤသို့ လူမမာမေး၏။

"နေပါဦး... ဆရာမ ဘာဖြစ်တာလဲ..."

"ဆရာမ အစကတော့ နည်းနည်းမူးတယ်ရှင့်၊ ဒါနှင့် သုံးရက် လောက်ရှိတော့ သိပ်မူးပြီး သိပ်ကို လူမှန်းမသိဘဲ တက်တာပဲ..."

mgyoe.com

mgyoe.com


"ဆရာဝန်က ဘာပြောသလဲ..."

"သွေးအားနည်းလို့ ပြောတာပဲ..."

"ခုတော့ကော..."

"ခုတော့ အတော်သက်သာသွားပါပြီ၊ နောက်နှစ်ရက်လောက်နေပြီး ဆေးရုံကဆင်းတော့မှာပဲ..."

"ကျွန်တော်လည်းဗျာ... လမ်းမတတ်ကြားတာနှင့်..."

"ရှင်... နေနိုင်တယ်ရှင်...၊ တစ်ခေါက်မှ ပေါ်မလာဘူး..."

"ကျွန်တော် မအားလို့ဗျ...၊ အပြစ်တင်မယ်ဆိုရင်တော့ တင်တော့ဗျာ..."

"ရှင်... ကျောင်းပိတ်ထားတာပဲ၊ ဘာ မအားစရာရှိသလဲ..."

"ကျေးရွာအတွက် စုဆောင်းရသေးတာပေါ့ဗျာ...၊ ကျွန်တော်က တောသားဆိုတော့ 'ဒို့ကျေးရွာ' လို့ သိတတ်ရသေးတာပေါ့ဗျာ..."

"ကိုင်းရှင်... ရှင်ရောက်သည့်အခိုက် အိမ်လိုက်ခဲ့ဦးရှင်..."

"ဟုတ်ကဲ့..."

ခင်ခင်တင့်နှင့် ကျော်ဆွေသည် လူမမာမေးရာမှ ပြန်ကြ၍ ကျော်ဆွေသည် ခင်ခင်တင့်အိမ်သို့ လိုက်ပါသွားလေ၏။ ခင်ခင်တင့်နှင့် ကျော်ဆွေသည် ကျောင်းစကား၊ ဟိုစကား၊ သည်စကားတို့ကို ပြောဆိုပြီးနောက် ဤသို့စကားရောက်သွားလေ၏။

"ဝင်းဝင်းဟာ ကျောင်းသားတုန်းက သိပ်ချော၊ သိပ်လှတာပဲ၊ ခုဆရာမဖြစ်ပြီး လင်ရတော့မှပဲ ဘယ်လိုဖြစ်နေရတယ်လို့ ပိန်ပြီး ခြောက်ကပ်ကပ်ဖြစ်နေတာပဲ..."

"ခုလည်း ရောဂါကြောင့် ဆေးရုံတက်နေရတာပဲဗျာ..."

"သွေးအားနည်းတဲ့ ရောဂါဟာလည်း ဆိုးတယ်ဇနော်...၊ ရှင်က ဘာပြုံးသလဲ..."

mgyoe.com

mgyoe.com


"မိန်းမများဟာ ခက်တာပဲ..."

"ဘာခက်သလဲ..."

"လင်ယူတဲ့အခါ သေချာစွာ စိစစ်ပြီး ယူတာမဟုတ်ဘူး၊ ကြိုက်မိရင် ဟပ်တပ်စွဲ ယူတာပဲ..."

"ရှင့်... ဒါနှင့် ဝင်းဝင်းဆေးရုံတက်ရတာ ဘာဆိုင်သလဲ..."

"ဆိုင်တာပေါ့ဗျာ..."

"ရှင့်နှယ်... ကြဲကြဲစည်စည်ရှင်..."

"သူ့လင်ကြောင့်သူ့မှာ သည်ရောဂါ ကပ်ရောက်တာပေါ့၊ ခဏခဏသည်လိုဖြစ်မှာ...၊ သူ့ကိုထက် သူ့လင်ကို ဆေးကုပေးဖို့ လိုတယ်ဗျာ..."

"ပြောစမ်းပါဦးရှင်..."

"သူ့လင်ညွန့်ဖေဟာ လူလည်ဗျ...၊ လူပျိုအထက်တန်းစာရေးဆိုတော့ ငွေကလည်း ဖောသပေါ့ဗျာ..."

"အင်း..."

"သည်တော့ အပျော်အပါးအတော်များတယ်ဗျ...၊ မိန်းမကလည်း လိုက်စားတယ်ဗျ..."

"ရှင်က... ညွန့်ဖေကို ကျိုးတယ်လို့ ဆိုချင်တာလား..."

"သိပ္ပံခေတ်ကြီးမှာ ဆေးကောင်းတွေများတော့ ဘယ်မှာကျိုးမလဲ..."

"ဒါနှင့်ပဲရှင်..."

"နားထောင်ဦးဗျ..."

"ဟုတ်ကဲ့...၊ ခေါက်ဆွဲစားဦးရှင်..."

"သည်လိုဗျ... အရပ်ပျက်ကိုလည်းမရှောင်၊ ရရင်ပြောင်တာပဲ၊ ပိုင်းတာမကိုလည်းမလွတ်၊ ရရင်ဖွတ်ပဲ၊ ဖာသည်ကိုလည်း လှရင်

mgyoe.com

mgyoe.com


ခင်လိုက်တာပဲ..."

"အင်း..."

"သည်တော့... သူ့မှာ ထင်ရှားစွာ မကျိုးပေမဲ့ အပူမျိုးစေ့ဟာ အောင်းနေတာပေါ့..."

"ဘယ်မှာအောင်းနေသလဲရှင်..."

"ကပ္ပယ်အိတ်ထဲမှာ..."

"ကပ္ပယ်အိတ်ဆိုတာဘာလဲ..."

"အလိုလေး ဟဲ့... မြန်မာစာ အို–ဘီ–ယူတဲ့ ဘီ–အေ မရယ်..."

"အဟုတ်ကို မသိလို့ရှင့်..."

"ကပ္ပယ်အိတ်ဆိုတာ (......... ပြွတ်.......... စေ့) ထဲမှာ အပူ အောင်း နေတာပေါ့..."

"ဪ..."

"အဲသည် အပူဓာတ်ကြောင့် ဝင်းဝင်းမှာ နှစ်လနှင့် ကလေးပျက်ကျ တယ်ဗျား..."

"အင်း..."

"ခု ကလေးမွေးတော့ လက်တစ်ဖက် မသန်ဘူးဗျား..."

"အင်း..."

"ကလေးခြောက်လသားအရွယ်မှာ ဝင်းဝင်းသည်လိုရောဂါ ဖြစ်ရတာပဲ၊ ဒါဟာ သွေးအားနည်းတာ မဟုတ်ဘူးဗျ၊ သူငယ်အိမ် ရောဂါခေါ်တယ်။ ကင်ဆာဖြစ်မှာတောင် စိုးရိမ်ရသေးတယ်..."

"အော်... သည်လိုကိုး..."

ထိုသို့ပြောဆို၍ ခင်ခင်တင့်သည် မသိမသာ မျက်နှာပျက်သကဲ့သို့ ရှိလေ၏။ ထိုသို့ ခင်ခင်တင့်၏ မျက်နှာကို ကျော်ဆွေသည် သတိမထား ဘဲ ကျောင်းနေဖက်သူငယ်ချင်းဘာဝ ရိုးရိုးပြောဆိုပြီးသော် ပြန်သွား

mgyoe.com

mgyoe.com


လေ၏။

ခင်ခင်တင့်သည်ကား ဘီ–အေ (က) ကို သင်လာခဲ့သူဖြစ်၍ စဉ်းစားသင့်သည်ဟု ယူဆမိသည်နှင့်အညီ စဉ်းစားတတ်လောက်သည် ဖြစ်ခြင်းကြောင့် ထိုသို့ စိတ်ဝင်စားမိ၏။

ကျော်ဆွေပြောသောစကားသည် အမှန်ဖြစ်ပျက်တတ်သော သဘောလား၊ ဟုတ်မှန်ခဲ့သော် သူသည် ဆရာဝန်လား၊ သူဘာကြောင့် သိသလဲ၊ သို့တည်းမဟုတ် တစ်စုံတစ်ယောက်သောသူကို စောင်းချိတ်၍ ပြောသလား၊ သို့တည်းမဟုတ် သူ သဝန်ကြောင်သောကြောင့် ပြော သလား၊ သဝန်ကြောင်ရအောင်လည်း ဘယ်လိုဟာကို အထောက် အထားပြုကာ သဝန်ကြောင်ရသလဲ၊ သူနှင့်ငါသည် မျက်နှာချင်းမဆိုင် သည်မှာလည်း အတော်ကြာခဲ့ပြီ။ သူသည် ငါနှင့်သာမဟုတ် အခြား မောင်မယ်တို့နှင့်လည်း ရောနှောယှက်တင် ကူဖော်ဝင်ခြင်းမရှိချေ။

ခင်ခင်တင့်သည် ထိုသို့တွေးဆပြီးနောက် ကျော်ဆွေပြောသွား သော စကားများအတွက် တုန်လှုပ်ခြင်းဖြင့် အတော်ပင် စိတ်မကောင်း ဖြစ်၏။ အဘယ်ကြောင့် ခင်ခင်တင့်သည် ထိုသို့ ဖြစ်ရသနည်း။ ခင်ခင် တင့်မှာ ရည်းစားမှန်းထားသော သူများရှိနေပြီလား။ ရှိသော် ဘယ်သူ လဲ ကျော်ဆွေလား၊ မဟုတ်တန်ရာ။

ထိုသို့နှင့် ခင်ခင်တင့်၏ စိတ်သည် တွေနေ၍ ရက်အတန်ငယ်ကြာ သောအခါ တက္ကသိုလ်မှ အောင်ချက်များသည် ထွက်လာရာ ခင်ခင်တင့် ၏ နာမည်သည် ပါမလာပေတော့ပြီ။

ခင်ခင်တင့်၏စိတ်သည် မည်ကဲ့သို့၊ မည်မျှလောက် တုန်လှုပ်၍ ထိခိုက်သွားမည်နည်း စဉ်းစားဖွယ်ဖြစ်သည်။ ၎င်းသည် ၎င်းစာမေးပွဲ မအောင်ခြင်း၌ မိမိစာကို အပတ်တကုတ် မကြိုးစားဘဲနှင့် နိုင်ငံရေးသမား တစ်ယောက်ကဲ့သို့ အသင်းအဖွဲ့များ၌ အချိန်ကုန်ခဲ့ခြင်းကို သတိမရဘဲ

mgyoe.com

mgyoe.com


'ငါသွားသောလမ်းသည် ငါသွား၍ မှန်ရမည်' ဆိုသော သတ္တဝါအစားမျိုးဖြစ်ခြင်းကြောင့် ဤသို့လျှင် စိတ်တွင်ဖြစ်ခဲ့ပြီးသော် တရားခံမရှိဘဲ ရှာမတွေ့ဘဲ စိတ်ကောက်နေတော့၏။

ခုတော့ ငါတို့ပါတီက သမဂ္ဂကို မအုပ်စိုး မလွှမ်းမိုးရတော့ပေဘဲကိုး၊ မိခင်တင့် ဘာ လူရာမြောက်ပြီး ဘာစာမေးပွဲအောင်တော့မှာလဲ...

ခင်ခင်တင့်သည် ပါတီတစ်ခုက မြှောက်စားသော နိုင်ငံအဖွဲ့တစ်ခု ရှေ့ဥသြဖြစ်နေသည့် အသင်းတစ်ခုတွင် အရာရောက်ရောက် ဖြစ်နေသော မယ်တစ်ယောက် ဖြစ်နေ၏။ ၎င်းသည် ထိုသို့ဖြစ်ခဲ့သောကြောင့် စာကို အရေးလုပ်ကာ မကြည့်ခဲ့၊ မလေ့ကျင့်ခဲ့ဘဲနှင့် စာမေးပွဲ အောင်ခဲ့သည်ဟု ယူဆနေ၏။ ထိုသို့ ယူဆခြင်းသည် မှားသလား၊ မှန်သလား။ တက္ကသိုလ်မောင်မယ်တစ်ယောက်သည် ထိုအကြောင်းကို တိကျမှန်ကန်စွာ သက်သေခံနိုင်ကောင်း ခံနိုင်ပေလိမ့်မည်။

ခင်ခင်တင့်သည် သူ့သဘောကို မှန်တွင်မကြည့်ဘဲ သူထင်လိုရာ ထင်ပေလိမ့်မည်။ 'မှန်မကြည့်သောသူသည် သူ့မျက်နှာသည် ချစ်စရာကောင်းသည်' ဟု ထင်တတ်သည်။ 'မှန်ကြည့်သော သူသည်လည်း သူ့ကိုယ်သူ လူချောဟု ထင်တတ်သည်။

ခင်ခင်တင့်၏ စိတ်သည် မည်ကဲ့သို့ ထွေစေကာမူ မယ်မင်းကြီးမကား ဘီ-အေ-အောက်တန်းတွင် နှာခေါင်းရှုံ့စရာကောင်းအောင်ပင် ရှုံးရလေပြီ။

ထိုသို့သော သဘော၌ ခင်ခင်တင့်သည် ကျော်ဆွေကို ရန်ထောင်လို၍ ကျော်ဆွေကို မျှော်နေ၏။ ခင်ခင်တင့်သည် ကျော်ဆွေကို ဘာကြောင့် ရန်ထောင်ချင်သလဲ၊ ဘယ်လိုရန်ထောင်မလဲ၊ ၎င်း စာမေးပွဲ ရှုံးခြင်းသည် ကျော်ဆွေနှင့် မည်ကဲ့သို့ သက်ဆိုင်နေသလဲ၊ ခင်ခင်တင့် သည် ၎င်း၏နှလုံးအိမ်ထဲ၌ ကျော်ဆွေသည် ဝင်ရောက်ကာအိပ်ရန်

mgyoe.com

mgyoe.com


အိပ်ရာခင်းထားစေကာမူ ကျော်ဆွေသည် မျက်နှာချိုကလေးကိုသုံးကာ အိပ်မည်လော…။

ခင်ခင်တင့်သည် ဂုဏ်ရှိသော ယောကျ်ား၊ လုပတင့်တယ် မထိတထိနှင့် ပင့်ကာပြောဆိုသည့် ယောကျ်ားကို ငမ်းနေသော ငမ်းမကလေးလား..၊ သို့တည်းမဟုတ် နင်းမှန်းထားသောသူ ရှိ၍ ထိုသူကို စောင်းချိတ်ပြီးသော် ကျော်ဆွေသည် ပြောသွားသည်ဟု ထင်သလား…။ သို့တည်းမဟုတ် ၎င်းကို မှန်းထားသောသူရှိ၍ ထိုသူကို စောင်းချိတ်ပြီးသော် သဝန်ကြောင်သော သဘောနှင့်ပြောသည်ဟု ထင်သလား…။ အကျိုးကိုလို၍ ပြောသည်ဟုထင်သလား ခင်ခင်တင့်၏ စိတ်တွင်ကား တစ်မျိုးတစ်မည် တွေးကာ ဝေနေပေတော့ပြီ…။

ထိုသို့သော သဘောအတွင်း ခင်ခင်တင့်မှာ စာမေးပွဲရှုံး၍ ကျော်ဆွေမှာကား အောင်ခြင်းမှာပင် အဆင့်အတန်းမြင့်မြင့်နှင့်ပင် အောင်နေသည်။ ခင်ခင်တင့်သည် ကျော်ဆွေကို မျှော်နေသော်လည်း ကျော်ဆွေသည်ကား သူ့စိတ်ဝင်စားရာတွင် သူ့သဘောအလျောက် နေပေလိမ့်မည်။

ခင်ခင်တင့်သည် အများ၏ အားပေးချက်ကြောင့် သူစာမေးပွဲရှုံးခြင်းမှ သက်သာရာကိုရ၍ ကျောင်းတွင် ဆက်လက်နေလေသည်။ ထိုသို့နေရာ၌ ခင်ခင်တင့်နှင့် ကျော်ဆွေမှာ မယ်နှင့်မောင်ဖြစ်ရာတွင် သင်ကြားခံယူနေသော အတန်းချင်းက ခြားနား၊ ဘာသာရပ်ချင်းကလည်း ခြားနား၍ တစ်ယောက်နှင့်တစ်ယောက် တမင်သက်သက်တွေ့မှသာ တွေ့ရဖို့အကြောင်း ရှိနေပေသည်။

ကျော်ဆွေကား ငါတောသား ပညာတတ်မှ 'ဒို့ကျေးရွာ' ကို မြှင့်တင်နိုင်မည်။ 'ဒို့ကျေးရွာ…' ကို မြှင့်တင်နိုင်မည်။ မြှင့်တင်မည်။ ဒို့တောသားများကို လူနေမြင့်အောင်မြှင့်တင်မည်ဟု ချိုမြသော အသံ၊ မစားရ ဝစမ်းချင့်ဖွယ်သော အသံတို့နှင့် လွှင့်နေသော သူသည် လိမ်လည်

mgyoe.com

mgyoe.com


လှည့်ဖျားနေသောသူ၊ ဝင့်ဝါနေသောသူ၊ စိတ်ကူးနှင့် လေထဲမှာ တိုက်အိမ်ဆောက်နေသောသူ၊ သူ့ကိုလူထုက ညွှတ်စေလိုသောသူ တစ်ခုခုဖြစ်ရမည်ဟု ယူဆသည်။

ကျော်ဆွေသည် ယခုအခါ၌ ပညာဉာဏ်ရည်၊ အတန်ငယ်စည်ပင်လာပြီဖြစ်၍ 'ဒို့ကျေးရွာ...' ကို ဒို့တောသားသာ မြှင့်တင်နိုင်မည်။ ဒို့တောသားကို ဒို့တောသားသာ လူနေမြင့်၍ အခြေတင့်အောင် ဖန်တီးနိုင်မည်။ 'ဒို့ကျေးရွာ...' နှင့် ဒို့တောသားများသည် ယခုလက်ရှိတွေ့နေရသည်မှာ ဒို့ကို အမျိုးမျိုးဖိစီး ချုပ်ချယ်၊ လှည့်ဖြားခေါင်းပုံဖြတ်သူသာ တွေ့ရသည်။ ဒို့တောသားများပညာတတ်မှ 'ဒို့ကျေးရွာ...' နှင့် ဒို့တောသားများကို ဒို့ မြှင့်တင်နိုင်မည်။ ဒို့တောင်သူများ၏ လူနေအဆင့်အတန်းကို မြှင့်တင်နိုင်၍ ဒို့တောသားများ စားဝတ်နေထိုင်ရေး ခေတ်မီလာရန် ဒို့ တတ်နိုင်မည်ဟု စိတ်ဝင်စား၍ အတတ်ပညာကို ကြိုးစားပြီးလျှင် တတ်အောင်သင်နေသည်။

ယင်းသို့သော သဘောကြောင့် ခင်ခင်တင့်နှင့် ကျော်ဆွေ၏မူသည် ခြားနားကွဲပြားသယောင် ဖြစ်နေသည့်အတိုင်း...၊ အထက်တန်းမှ အတူတူပညာကို နှီးနှောဖလှယ်သည့်သဘောနှင့် နှီးနှီးရင်းရင်း စာသင်လာသောသူနှစ်ဦးသည် တက္ကသိုလ်ကျောင်းတိုက်တွင် သူစိမ်းသဘောကဲ့သို့ပင် ရှိနေဟန်တူပေတော့ပြီ။

ထိုသို့နှင့်ပင် တက္ကသိုလ်၌ သမဂ္ဂရွေးကောက်ပွဲအချိန် ကျလာပြန်၍ ကျောင်းသားများသည် ရေးကကဲ့သို့ လှုပ်ရှားလာပြန်လေပြီ...။ ၎င်းတို့လှုပ်ရှားသည်ကား စာပေပညာ သင်ကြားခြင်း၌ သူ့ထက်ငါတတ်အောင်၊ ပေါက်မြောက်အောင်သဘောမဟုတ်၊ လူရာဝင်၍ သမဂ္ဂကို မိမိတို့အသင်းက ချယ်လှယ်နိုင်ရန် ဖြစ်နေပေသည်။

ခင်ခင်တင့်ကား ၎င်းတို့၏အသင်းက သမဂ္ဂကို ဦးစီးနိုင်ရန်

mgyoe.com

mgyoe.com


မဲဆွယ်နေ၏။ ကျော်ဆွေကား ဤသို့စိတ်ကစားနေ၏။ အလွန့်အလွန် ထကြွလှုပ်ရှားနေသော ဤသူတို့သည် နေ့စဉ်နှင့်အမျှ ဒို့လူမျိုးထံမှ ငွေသယ်ယူနေသော နိုင်ငံခြားသားများ၏လက်ကို ကျောင်းကထွက်သော်လည်း ဟန့်တားနိုင်မည်မဟုတ်၊ လခစားလုပ်ခြင်းဖြင့် ဒို့တောသားများကို အမျိုးမျိုးသာ ဖိနှိပ်ချုပ်ချယ်ပေသတတ်...။

ကျော်ဆွေကား တောသားဖြစ်၍ ၎င်း၏ထင်မြင်ယူဆချက်သည် လမ်းလွဲနေသလား...။

ထိုနှစ်မှာလည်း ခင်ခင်တင့်တို့ဘက်က သမဂ္ဂရွေးချယ်ရာ၌ ရှုံးသောကြောင့် ခင်ခင်တင့်မှာ အမောသာအဖတ်တင် နေလေတော့၏။

ထိုသို့နှင့် အချိန်သည် တရွေ့ရွေ့လှုပ်ရှား သွားသောကြောင့် စာမေးပွဲပြီးသဖြင့် ခင်ခင်တင့် ကျော်ဆွေတို့သည် ကျောင်းမှ ၎င်းတို့၏ မိဘရပ်ထံသို့ ပြန်ကြလေ၏။

□

mgyoe.com

mgyoe.com

## အခန်း (၃)

## ကျော်ဆွေနှင့် ကျေးရွာ

ကျော်ဆွေသည် ကျောင်းမှ ပြန်ရောက်လျှင် ပြန်ရောက်ချင်း ထို ကျေးရွာမှ တောင်သူများကို စည်းဝေး၍ သမဝါယမ ငွေစုငွေချေးနှင့် ကူးသန်းရောင်းဝယ်ရေး သမဝါယမကို တစ်စုလျှင် တစ်ဆယ်ကျပ်နှင့် ဖွဲ့စည်းလေ၏။ ထိုအစည်းအဝေး၌ ကျော်ဆွေသည် အပြောအပြော ကောင်းသောကြောင့် တောင်သူတိုင်းပင် သဘောတူကြရာ လေးပုံသုံးပုံ လောက်သော တောင်သူတို့အတွက်မှာ… ကျော်ဆွေ့အိမ်နှင့် အခြား လူချမ်းသာ အိမ်များက ခေတ္တစိုက်၍ ထည့်ထားကြသဖြင့် တရားဝင် အသင်းသား ရှစ်ဆယ်ရှိ၍ အခြားတစ်စုလျှင် သုံးကျပ်၊ ငါးကျပ်ထည့် ထားသော အရန်အသင်းသားလေးဆယ်ခန့် ရှိလေ၏။

ကျော်ဆွေသည် ထိုရွာရှိ ငွေရှင်များအား မိမိတို့၏ ငွေပိုများကို အိမ်တွင် သိမ်းထားက အလဟဿဖြစ်ရုံမျှမက သူခိုး၊ ဓားပြတို့၏

mgyoe.com

mgyoe.com


ဘေးရန်များတို့အတွက်ပင် စိုးရိမ်စရာ ဖြစ်နေပေသည်။ အသင်းတွင် အပ်ပါက တစ်နှစ်မှာ တစ်ရာခြောက်ကျပ်တိုးရ၍ ငွေတိုးနေမည့် အကြောင်း၊ ယခုခေတ်မှာ အတိုးနှင့် အလွတ်လူများသည် အစိုးရထံမှ အခွင့်အမိန့်မရက ငွေမချေးရကြောင်းတို့ကို ပြောပြသဖြင့် ထိုရွာမှ လူချမ်းသာများသည် မိမိတို့၏ သမဝါယမတွင် အပ်ငွေများကို အပ်ကြ ရာ သုံးသောင်းခန့်ပင်ရှိလေ၏။

ထိုငွေမှ တစ်ရာလျှင် တစ်နှစ်မှာ ရှစ်ကျပ်တိုးနှင့် သမဝါယမ အသင်းသားတို့အား ငါးယောက်တစ်တွဲ၊ တစ်ဦးကို တစ်ဦး အာမခံစနစ် နှင့်ထားပြီးသော် တောင်သူများနှင့် လက်လုပ်တို့အား ချေးငှားလေ၏။ ၎င်းတို့အသင်းမှ တောင်သူဘဏ်မှလည်း ငွေမချေး၊ အစိုးရထံမှလည်း အမတော်ကြေး၊ မျိုးတော်ဖိုး စသည်တို့ကိုလည်း မချေးငှားချေ။

ကျော်ဆွေသည် သူ့အိမ်မှ တောင်သူလုပ်ငန်းသို့ ခြေစုံပစ်ကာ ဝင်လေတော့ပြီ။ ၎င်းသည် ထိုသို့ တောင်သူလုပ်ငန်းကို လုပ်သော်လည်း သမဝါယမတောင်သူနှင့် စုပေါင်းရောင်းဝယ်ရေးအသင်း၌ တာဝန်ယူ၍ စာရင်းများကို ကျနစွာလုပ်ကိုင်ပေးလေသည်။ အတွင်းရေးမှူးနှင့် အရောင်းစာရေးအား နည်းစနစ်ကျကျနန သင်ပေးထားလေသည်။

ထိုသမဝါယမအသင်းက ငွေများကို ငွေထိန်း၏လက်၌ တစ်ရာ မျှသာထား၍ စာတိုက်ငွေစုဌာန၌ အပ်ထုတ်ပြုလုပ်ကာ ငွေသွင်းထား လေသည်။ ကျော်ဆွေကား 'ဒို့ကျေးရွာအတွက်' ဟု လုပ်ငန်း၌ လာဘ်မြင် နေသဖြင့် တောင်သူအချို့ကို ကျော်ဆွေ၏ ဆရာမကြီး ညွှန်ပြကာ လုပ်ထားသော ဆည်များ၊ ကန်များတို့ကို နှစ်သစ်ကူးပြီးစက စပြီးသော် အထူးခိုင်လုံအောင် ရေလွှဲပေါက်များနှင့် လုပ်ထားစေလေ၏။

၎င်းသည်လည်း ကိုင်း မြေပဲများကို ၎င်းတို့၏ သမဝါယမက ရသည်လောက် ဝယ်စေပြီးသော စက်အိုတစ်ခုကို အချောင်ရှာကာ ဝယ်ယူ

mgyoe.com

mgyoe.com


ပြီးလျှင် ဆီဆုံလေးလုံးနှင့် ဆီကြိတ်လေ၏။ ထို့ကြောင့် ထိုကျေးရွာမှာ သမဝါယမတောင်သူများအသင်းက တည်သော ဆီစက်တစ်လုံး ရုတ်တရက် ထွက်ပေါ်လာလေတော့၏။

ကျော်ဆွေသည် ထိုသမဝါယမအသင်း၌ အမှုဆောင်နေရာ တစ်နေရာကိုမှ မယူသော်လည်း ထိုအသင်းအတွင် ရပ်ရွာလူကြီးများ ထံမှ တာဝန်ယူပြီးလျှင် စေတနာ့ ဝန်ထမ်းအဖြစ်နှင့် ကျကျနန လုပ်ကိုင် ပြသပေး၍ အသင်းဆိုင်မှာလည်း ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက် စသော မီးဖိုချောင်နှင့် အိမ်သုံးပစ္စည်းများ၊ မြို့ပေါ် သမလက်ကားမှ ကုန်များတို့ကို ထားရှိစေ၍ မိန်းကလေးတစ်ယောက်ကို အရောင်းစာရေး အဖြစ်နှင့် တစ်လ လခ ငါးဆယ်ပေးပြီးလျှင် ထားလေသည်။

ဤကဲ့သို့ အရိပ်အမြွက်ဖော်ပြသည့်အတိုင်း ကျော်ဆွေသည် တောင်သူလုပ်တော့မည်ဟု စိုင်းပြင်းလျက် ကျေးရွာသမဝါယမအသင်း ကို ကျနစွာ ဆောင်ရွက်နေစဉ်မှာပင် စာမေးပွဲအောင်ချက်ထွက်လာ၍ ကျော်ဆွေသည် ဝိဇ္ဇာသိပ္ပံ၌ ဂုဏ်ထူးနှင့်အောင်မြင်လေ၏။

ခင်ခင်တင့်မှာကား ထိုနှစ်မှာလည်း ဘီ–အေ–အောက်တန်းကို မအောင်မြင်ချေ၊ ခင်ခင်တင့်သည် အဘယ်ကြောင့် စာမေးပွဲ မအောင် ဟု သူ၏ ပြုမူနေထိုင်ခဲ့ခြင်းကို မရိပ်စားမိဘဲ တလွဲချော်၍ ထင်လိုရာကို သာ ထင်မှတ်နေပေသည်။

ခင်ခင်တင့်သည် ထိုသို့ စာမေးပွဲမအောင်သော်လည်း ဘီ–အေ– အီးဒီ တက်ရန် အခွင့်သာသဖြင့် အသက်ရှုပေါက်လန်းဆတ်ခြင်း ဖြစ်လာပေသေးသည်။

ခင်ခင်တင့်သည် ဉာဏ်လည်းမခေ၊ အထက်တန်းမှာ သင်ကြား စဉ်ကလည်း ပညာရည်မှာ အထက်ပိုင်းကပင် ဖြစ်ချေသည်။ သို့လင့် ကစား အိုင်–အေ၌ လွယ်လင့်တကူ ပေါ့ပေါ့နှင့် အောင်ခဲ့သော

mgyoe.com

mgyoe.com


ကျောင်းတွင် နိုင်ငံရေး လိုက်စားသောသူထဲတွင် ပါဝင်သည့် ခင်ခင်တင့်သည် ဘီ–အေ–အောက်တန်းမှာ တဖိုင်းဖိုင်းနှင့် လိမ့်နေလေတော့ပြီ။

ထို ခင်ခင်တင့်သည် ယခု ဘီ–အေ–အိုးဒီကို သင်နေလေပြီ။ ထိုသို့ သင်နေရာတွင် ဥပဒေတန်းကိုလိုက်နေသော ခင်မောင်အေးနှင့် ခဏခဏဆိုသလိုပင် တွေ့လေသည်။ ခင်မောင်အေးသည် အဘယ်ကြောင့် ဥပဒေပညာကိုသင်နေသနည်း။ ရှေ့နေအလုပ်သည် တော်ခဲ့သော် ဝင်ငွေအလွန်ကောင်းသည်၊ နာမည်ကြီးသည်၊ ဂုဏ်ကြီးသည်၊ ထိုမှတစ်ပါး ဘီ–အယ်(လ်) ရှေ့နေများသည် နိုင်ငံရေးကိုလိုက်စား၍ အားများသော ပါတီဝင်အမတ်ဖြစ်ခဲ့သော်လည်းကောင်း၊ ဝန်ကလေးသော်လည်းကောင်း အလိုင်းကောင်းသည်လောက် ဖြစ်ရတတ်သည်။ တစ်နည်းတုံ့ သံအမတ်လည်း ဖြစ်နိုင်တတ်သည်။ ထိုသဘောအရ ခင်မောင်အေးသည် ဘီ–အယ်(လ်) ကိုသင်နေဟန်ရှိသည်။ လူကားအတော်ပင်လည်၍ ဝံ့ဟန်ရှိသည်။

ခင်မောင်အေးကြောင့်ပင် ခင်မောင်အေးနှင့် နီးရင်းသော မိတ်ဆွေဖြစ်သည့် ခင်ခင်တင့်သည် တော်တော်ပင် ထင်ရှားသည်။ ခင်ခင်တင့်သည် ခင်မောင်အေးကို များစွာအထင်ကြီးမည်မှာ လွဲနိုင်မည်မထင်ပေ။

ကျော်ဆွေနှင့် ခင်မောင်အေးကား တော်တော်ပင်ခြားနားနေသည်မှာ ကျောချင်းကပ်ပင်ဖြစ်ချေသည်။ ခင်မောင်အေးသည် ၎င်း၏အကျိုးငှာ စာကိုသင်ခဲ့၍ ဘီ–အယ်(လ်) ကို လိုက်နေသည်။ ကျော်ဆွေသည်ကား တိုင်းပြည်လူမျိုးအတွက် စာပေပညာကို သင်ကြားခံယူခဲ့၍ ယခုလည်း တိုင်းပြည်အတွက် တောင်သူလုပ်ပြီးသော် ၎င်းတို့၏ ကျေးရွာ၌ 'ဒို့ကျေးရွာ' ဟု စံပြသဘောနှင့် သမဝါယမ တောင်သူအသင်းကို စေတနာ့ဝန်ထမ်းအလုပ်ကို လုပ်ပေးနေသည်။

စာဖတ်သူသည် မည်သူသည် တိုင်းသူပြည်သားအစစ်ဟု ထင်၍

mgyoe.com

mgyoe.com


မည်သူ့ကို ကောင်းချီးပြုသင့်သလဲ၊ အဆွေ့ကောင်းချီးအတိုင်း အဆွေနှင့် တိုင်းပြည်သည် ဆက်စပ်နေပေလိမ့်မည်။

ကျော်ဆွေသည် တောင်သူများနှင့် အလုပ်သမားများအား တိုင်းပြည့်အတွက် အလုပ်လုပ်ရကြောင်း၊ လူချမ်းသာ ငွေ့ရှင်များအား တိုင်းပြည်အတွက် ချမ်းသာ၍ ငွေရှင်ဖြစ်ရကြောင်းကို ၎င်း၏ ဆရာမကြီး၏ အနားတွင် ကပ်ပြီးသော် နားလည်စေသည်။

ထို့ကြောင့် ၎င်းတို့ရွာမှာ သမဝါယမဆိုင်သည် အခြေကျကျ မှန်မှန် သမဝါယမသဘောနှင့် လမ်းသွားနေ၍ ထိုရွာတွင်သာမက လက်လှမ်းမီသောရွာများ၏ ကိုးကွယ်အားထားရာပင် ဖြစ်နေပေသည်။ ထိုရွာမှ တောင်သူများသည် ဘဏ်ကငွေ မချေးရ၊ အစိုးရထံမှ အမတော်ကြေးကို မတောင်းရ၊ ၎င်းတို့၏အသင်းမှ ငွေကို လိုသည်လောက် ချေးယူကြလေသည်။ ထိုချေးယူသော ငွေအတွက် အတိုးကို အသင်းကရ၍၊ အသင်းသားများသည် မိမိတို့ပေးရသော အတိုးမှ အချိုးကျဝေစုကိုလည်း ပြန်ရသေးသည်။

သမဝါယမဈေးဆိုင်မှာ ဝယ်သော အသင်းသားတို့မှာ တစ်နှစ်ရှိက မြတ်သော် အဝယ်ပေါ်အမြတ်ကိုလည်း ပြန်ရနေသေးသည်။

ထိုသဘောနှင့် လုပ်ကိုင်လာရာ ထိုရွာကုန်းခြောက်တွင် ဆည်များ၊ ကန်များမှ ရေများကိုယူ၍ ရေလိုသော်ရေနှင့်ပန်းကာ အသီးအနှံပင်များအား ပေးသဖြင့် ထိုရွာတွင်သာမက အနီးအပါးရွာများကပင် နွားယဉ်များစွာ၊ မြေပဲများစွာရကြလေသည်။ ဝါကိုကား သမဝါယမကို ကြောက်လန့်နေကြသဖြင့် အိမ်သုံးမျှသာ စိုက်ကြလေသည်။

ထိုသဘောအရ မိမိတို့နှမ်းများကို မိမိတို့၏ ဆီစက်တွင်ရောင်းကြသည်။ မြေပဲကိုလည်း ထိုနည်းလည်းကောင်း၊ ထိုသမဝါယမဆီစက်က ထွက်သော ဆီများကိုလည်း အခြားမြို့က သမဝါယမများနှင့် ဆက်သွယ်

mgyoe.com

mgyoe.com


၍ ရောင်းချသဖြင့် စားသုံးသူများအတွက် ဈေးကို သက်သာစေလေသည်။ သို့လင့်ကစား ထိုဆီစက်ကလေးမှာ အတော်မြတ်၍ သမဝါယမအသင်းသားများမှာ အရောင်းပေါ်အမြတ်ကို ရကြသေးသည့်ပြင် ဆီစက်မှ အမြတ်၊ အခြား အမြတ်များကိုလည်း ရကြသဖြင့် ကျော်ဆွေဦးဆောင်၍ သမဝါယမကို ကိုင်ပေးသည်အတိုင်း ထိုရွာကလေးမှာ တစ်နှစ်ကြာပြီးနောက် စီးပွားရေးသည် အတော်အတန် တောင့်တင်းလာလေ သည်။ ထိုရွာသမဝါယမ တောင်သူသင်းမှာလည်း ငွေရင်းအင်အား အတော့်ကို ခိုင်လုံလာသဖြင့် ထိုရွာမှ သမဝါယမ ဆိတ်မွေးသော အသင်းအားကို ပင်လျှင် ငွေရင်းကို တည်ထောင်ပေးနိုင်လေသည်။

ထိုရွာမှ သမဝါယမဆိတ်မွေးသင်းကား ဤသို့ဖြစ်သည်။

ကျော်ဆွေသည် ထိုရပ်ကွက်၌ ဆိတ်မွေးရန်သင့်လျော်ကြောင်းကို သိပ္ပံသမားပီသစွာ၊ ဆရာမကြီး၏ နည်းနာကိုခံယူခဲ့သည်အတိုင်း သိသဖြင့် သမဝါယမ ဆိတ်မွေးမြူသင်းတွင် ပါဝင်လိုသော သူများကို စုပေါင်း၍ တစ်စုလျှင် တစ်ဆယ်ကျပ်နှင့် လူနှစ်ဆယ့် ငါးယောက်ကို အသင်းဖွဲ့ပေးလိုက်လေသည်။ ငွေတစ်ဆယ် မတတ်နိုင်သော သူများအား သမဝါယမ တောင်သူသင်းက ချေးငှားလေသည်။ ထိုသို့ချေးငှားခြင်းကား ရွာ့အကျိုးကြောင့်ပင် ဖြစ်ချေသည်။

ဆိတ်များကို လူငှားနှင့် ကျောင်းစေလေသည်။ အမှုဆောင်လူကြီးများက ထိုဆိတ်များကို မယိုမဖိတ်ရအောင်၊ အစာရေစာလုံလောက်အောင် ကြည့်ရှုစီမံရလေသည်။

ထိုရွာကို ကျော်ဆွေစီမံ၍ လွယ်ကူသည်ကား ထိုရွာရှိ မူလတန်းဆရာမကြီး၏ စကားများကို လူငယ်များကစပြီးသော် နားထောင်ကြသဖြင့် လူကြီးများကပင် လိုက်လျောနေကြခြင်းကြောင့် ဖြစ်သည်။ ဆရာမကြီး၏ နည်းပေးအကြံပေးအရ ဆည်များရေကန်များကို ရွာက

mgyoe.com

mgyoe.com


အားတိုက်အင်တိုက် ပြုကြ၍ ရေလုံလောက်သည့်အပြင် သီးနှံခင်းများကိုပင် ရေဖျန်းပေးလေသေးသည်။ ထို့ကြောင့် ဆိတ်များမှာ ရေလုံလောက်စွာ သောက်ရသည့်ပြင် ကြုတ်နွယ်ပင်များကို များစွာစိုက်နိုင်သော နေရာတွင် တောဖြစ်အောင် စိုက်ထားခြင်းကြောင့် စိမ်းလန်းသော ချုံပင် ပေါင်းပင်တို့နှင့် တန်ဆာဆင်ထားသည့် တောစပ်ကလေးကဲ့သို့ တင့်ပန်းကာ ရှိလေ၏။

ထိုရွာမှာ ဆရာမကြီး၏ သဘောကို လိုက်လျောကာ တည်ထောင်ထားသဖြင့် အိမ်စဉ်အိမ်တန်းနှင့်တကွ လှပ၏။ ရွာလယ်၌ ကလေးများကစားရန် လုံလောက်သော ကွက်လပ်ကြီးရှိ၏။ ရွာမှာ တံခါးလေးပေါက်ထားရှိဘိသကဲ့သို့ ရွာသို့ဝင်ရန် လမ်းမ လေးလမ်းရှိ၏။ ထိုလမ်းများ၌ ကုက္ကိုပင်များကို လက်ဝဲလက်ယာစိုက်ထားသဖြင့် အမြဲစိုပြည်ကာရှိ၏။ ရွာ၏ ပတ်လည်၌လည်း မန်ကျည်းပင်များ များစွာစိုက်ထား၏။

ထိုရွာနှင့် မနီးမဝေးတွင် တောင်ကုန်းကလေး ခပ်ပြေပြေရှိ၏။ တောင်ခြေရင်း၌ ကြုတ်နွယ်ပင်စသော အပင် ချုံပုတ်ကလေးများကို ပြုစုထားကြ၏။ တောင်ကုန်းကလေးပေါ်၌ သန်း၊ ဒဟတ်စသော ထင်းပင်များအပြင် သီးပင်၊ သနပ်ခါးပင်၊ ရှားပင်စသည်တို့ကို ဆရာမကြီး၏ သဘောအရ ထိုရွာကလေးက စိုက်ပျိုးပြုစုထားလေ၏။ ထိုတောင်ကုန်းကလေးကို ထိုရွာပိုင်ဘုံဆိုင်အဖြစ်နှင့် အစိုးရထံမှ တောင်းယူ၍ ပြုစုထား၏။ ထိုကုန်းကလေးပေါ်၌ ဆီးသီးပင်၊ ခံပင် အစရှိသော ဆားငန်အပင်ပုံများနှင့် ထင်းပင်များကို စိုက်ပျိုးပြုစုထားသောကြောင့် ထိုတောင်ကုန်းကလေးသည် စိမ်းလန်းလျက် ရွာနီးချုပ်စပ်မှ တိရစ္ဆာန်များ၏ စားကျက်ကို ရစေ၏။ ထိုရွာမှ သမဝါယမ ဆိတ်မွေးမြူရေးဌာနက မွေးသော ဆိတ်များကို အစားအစာအတွက် လုံလောက်စေ၏။

ထိုတောင်ကုန်းကလေးသည် ထိုရွာရှိ ကျောင်းဆရာမကြီးကြောင့်

mgyoe.com

mgyoe.com


ရွာသားတို့၏ လူစိတ်ဓာတ်ရှိသည်နှင့်အညီ ထိုရပ်ကွက်ကို မိုးလေမှန်စေသည်ပြင် လူတို့အား လုပ်ကိုင်စားသောက်နေထိုင်ရေးအတွက် အကျိုးပြုကာရှိပေသည်။

စာဖတ်သူ… အဆွေတို့ကား လူနေစုရွာနှင့် ရွာကိုခေတ်မီအောင်တည်ထောင်ခြင်းထက် ဝတ္ထုကြောင်းကို သာ၍ ဖတ်ချင်ပေမည်။ ဖတ်ချင်မည် ဖြစ်သည့်အတိုင်း ပြရပေတော့မည်။

ပညာရည်၌ အလွန်တော်သော ဆရာမကြီးသည် အလွန်ချောင်ကျ၍ တောခေါင်သော ရွာခြောက်ကလေး၌ ကျောင်းဆရာမလာလုပ်ရသည်ကို စိတ်မပျက်ဘဲ… ငါ ပညာတတ်ခြင်းသည် ငါ့လူမျိုးအတွက်သာဟု အောက်မေ့၍ နတ်သိကြားများကပင် စိတ်ကို လှည့်စားကာ ပို့သည်ဟု ထိုဆရာမကြီးသည် ယူဆ၏။ ယူဆသည့်အတိုင်း ထမြောက်အောင်မြင်၍ သာယာစိုပြည်သော ရွာဖြစ်လာသည်ပြင် စာကြည့်တိုက်နှင့်ကစားကွင်းနှင့် ရှိထားကာ တောခိုကွန်မြူနစ်များနှင့် ပြိုင်၍ ရွာကိုတည်ထောင်သကဲ့သို့ ဖြစ်နေ၏။

ကွန်မြူနစ်များမှာ အမိန့်အာဏာနှင့် ရွာကိုတည်ထောင်၍ လောင်းကစား အရက်မူးရမ်းခြင်း၊ ခိုးတိုက်ခြင်းတို့ကို ကင်းစေ၏။ ဆရာမကြီးသည်ကား ဖြူစင်သော စေတနာသဒ္ဓါနှင့် ရွာသားတို့အား သဘောတရားကို နားလည်စေပြီးလျှင် ရွာကို တည်ထောင်၏။

ထိုသို့ တည်ထောင်ထားသော ရွာ၌ ကျော်ဆွေသည် ဘီ–အက်–စီ အောင်ပြီးသော် တောင်သူလုပ်နေ၏။ လုပ်နေရင်း ၎င်းတို့၏ ရွာမှ သမဝါယမကို ကိုင်၏။ ထိုသို့ ကိုင်သည်နှင့်အညီ တောင်သူများသည် ဘဏ်နှင့် အစိုးရထံမှာ ငွေမချေးရဘဲ ငွေလိုသော် မိမိတို့ သမဝါယမထံမှာ ချေးယူနိုင်ကြလေပြီ။ သမဝါယမ၏ ငွေအင်အားသည် စာတိုက်နှင့်တွဲထားသော အစိုးရငွေစုဌာန၌ များစွာရှိနေလေပြီ။

mgyoe.com

mgyoe.com


ကျော်ဆွေ၏ အစီအမံအခန့်အခွဲအားဖြင့် သမဝါယမ ဈေးဆိုင်ကလေးမှာ စားကုန်သောက်ကုန်အပြင် အခြား လူသုံးပစ္စည်းများတောင်သူသုံး ကိရိယာများကိုပါ ရောင်းချသဖြင့် အခြားရွာနီး ချုပ်စပ်၏မှီခိုရာဖြစ်နေ၏။ ထိုဆိုင်၌ စာရေးနှစ်ယောက် ထားရှိ၏။

ထိုမှတစ်ပါး ဆီစက်မှာ တစ်စတစ်စ တိုးတက်လုပ်ကိုင်ခြင်းဖြင့်တစ်နေ့လျှင် ဆီပိဿာများစွာထွက်သော ဆီစက်ကြီး၊ ဝါ သမဝါယမဆီစက်ကြီးဖြစ်လာ၍ များစွာသော တောလက်ကျေးရွာတို့၏ မှီခိုရာကြီးဖြစ်နေသည်ပြင် အခြား သမဝါယမများသို့လည်း ဆီကို ဈေးချိုစွာနှင့်ဆီဈေးနှုန်းကျဆင်းအောင် တင်ပို့ပေး၏။

ကျော်ဆွေသည် ၎င်း၏ ဆရာမကြီး၏ သြဇာကို အမြဲလောက်ပင်နာခံ၍ များစွာလာဘ်မြင်၏။ ထို့ကြောင့် ဤသို့တွေးဆ၏။

'ငါတို့၏ဆရာမကြီးသည် ငါတို့နှင့် 'ဒို့ကျေးရွာ' အတွက်ရောက်လာရ၏။ ဒို့ ဆရာမကြီးသည် တက္ကသိုလ်ဝင်တန်း၌ သင်္ချာ၊ သိပ္ပံ၊အင်္ဂလိပ်စာတို့တွင် ဂုဏ်ထူးနှင့်အောင်သော်လည်း ဆင်းရဲသောကြောင့်တက္ကသိုလ်သို့မသွားနိုင်၊ ထိုသို့ မသွားနိုင်သဖြင့် ငါသည် မျက်စိကျယ်လာသောအခါ ဒို့တိုင်းပြည် ပညာသင်ကြားရေးသည် အရင်းရှင်၊ ငွေရှင်စနစ်ဟု ငါ ယူဆခဲ့သည်။ ငါ ယူဆပုံသည် မှားသလား၊ ငါ မျက်စိကျယ်ခြင်းသည် ကပ်၍နေသော ပတ္တမြားကို မမြင်ဘဲ အဝေးတွင်နေသောရွှံလုံးကို မြင်နေလေသလား...'

အကယ်၍သာ ဒို့ ဆရာမကြီးသည် တက္ကသိုလ်သို့ သွားနိုင်၍ဒီဂရီရခဲ့သော် ဒို့ရွာကလေးသည် ဤကဲ့သို့ စံပြရွာကလေး ဖြစ်နိုင်ပါ့မလား။

ဒို့ ဆရာမကြီးသည် ဆရာအတတ်သင်ကျောင်းက ဂုဏ်ထူးသုံးခုနှင့် အောင်မြင်လာခဲ့သော်လည်း အောင်မြင်ခြင်းနှင့် အညီမည်သည့်

mgyoe.com

mgyoe.com


အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများ၌ မဆိုထားဘိ၊ မြို့ပေါ်နှင့် နီးစပ်သော မူလတန်းကျောင်း၌ပင် အလုပ်မရခဲ့သဖြင့်၊ ငါ မျက်စိကျယ်လာသောအခါ၊ ဒို့ ဆရာမကြီးသည် ဆင်းရဲလှသော မုဆိုးမ သမီးကြောင့် အလုပ်လုပ်ဖို့ ခဲယဉ်းလှခြင်းကြောင့် ဒို့ရွာစုတ်၊ ဒို့တောရွာ ခြောက်ကလေး၌ လာရောက်ကာ ဆရာမကြီးလုပ်ရသည်။ ဒို့ပြည်၌ မျက်နှာခေတ်၊ ငွေခေတ်သည် ယခုမှသာ၍ ထင်ရှားပါတကားဟု ငါထင် မြင်ခဲ့သည်။ နေနှင့်ဦး မျက်နှာကြီးတွေ၊ ငွေရှင်တွေဟု ငါကြိမ်းပခဲ့သည်။ စင်စစ် ငါသည် အရုပ်ကား၌ ဆေးရောင်စုံနှင့် အလှအပကိုသာ မြင်နေ သည်။ ပါစပိတ်တစ်အရ မှန်မမှန်ကို မသိပါတကား...။

စင်စစ် ဒို့ ဆရာမကြီးသည် ဂုဏ်အတွက်၊ ကျော်စောထင်ရှားမှု အတွက်၊ ငွေအတွက် စာပေပညာ သင်ကြားခဲ့ဟန်မတူ၊ ဒို့ကိုလည်း နားမျက်စိကျယ်ရန်သာ အကြောင်းအကျိုးနှင့် ဟပ်ကာ စာပေပညာ သင်ကြား၍ အကြောင်းအကျိုးနှင့် ဆီလျော်အောင် သင်ပေးခဲ့သည်။ ငါ အထက်တန်းသို့ရောက်၍ သဘောတရားကို ခေါင်းတွင် ထည့် ဆောင်နိုင်သောအခါ ငါ့အား တိုင်းပြည်လူထုအတွက် စာပေအတတ် ပညာကို ဆည်းပူးဟု ငါ့ဆရာမကြီးသည် နားဖောက်သည်။ မျက်စင်း ခတ်သည်။

စင်စစ် ငွေရှင်၊ မျက်နှာကြီးစနစ်ကြောင့် ငါတို့၏ ဆရာမကြီးသည် ထိုထိုတို့ကဲ့သို့ဖြစ်ပျက်ကာ လမ်းသွားလာရခြင်း မဟုတ်ဘဲ၊ ဖြစ်သမျှ အကြောင်းသည် ကောင်းဖို့ဟု ဆိုစကားကဲ့သို့ 'ဒို့ကျေးရွာ'ကလေး အတွက် ငတုံးတို့ မမြင်နိုင်သည့် သဘာဝက ဖန်တီးခြင်းသာလျှင် ဖြစ် တန်ရာတကား။

ကျော်ဆွေသည် ဝါ ယာသမား ဘီ–အက်စ်–စီ ကျော်ဆွေသည် တောင်သူလုပ်ရင်း ရွာ၏အကျိုးကို ဆောင်ရွက်ကာ တွေးတောမိခြင်း

mgyoe.com

mgyoe.com


သည် ဟုတ်မှန်ခဲ့သော်၊ ဝါ ဟုတ်မှန်ခြင်းနှင့် နီးစပ်ခဲ့သော် ခင်ခင်တင့် ဘီ–အေ–အီးဒီ သင်ကြားနေခြင်းနှင့် ဘယ်လိုရှိနေမလဲ...။

ခင်ခင်တင့်သည် ဂုဏ်ကိုလိုသည်။ အထင်တရှား အကျော်တစောကို လိုသည်။ ငွေစာလခကြီးကို လိုသည်။ ထို့ကြောင့် ကျောင်းဆရာချင်း တူသော်လည်း သဘောထားချင်းကား မတူကြချေ။ မည်ကဲ့သို့သော ကျောင်းဆရာ၊ ကျောင်းဆရာမသည် ဆိုရှယ်လစ်စခန်းသို့ ချီတက်ရာ၌ အသုံးဝင်မည်နည်း။

ကပ်၊ ရပ်၊ တံစိုးလက်ဆောင်ပြု၊ လာဘ်ပေးခြင်းစသည် တစ်ခုခုဖြင့် ကျောင်းဆရာအဖြစ်ကို ရအောင်ယူသော ကျောင်းဆရာ၊ အကနှင့် အထက်လူကြီးများ သဘောကျအောင် အသုံးခံသော ကျောင်းဆရာ၊ ဂုဏ်၊ ထင်ရှားကျော်ကြားမှု၊ ငွေကိုလို၍ အလုပ်လုပ်သော ကျောင်းဆရာ၊ လူထုအကျိုးကိုလို၍ ကျောင်းဆရာ လုပ်သော ကျောင်းဆရာ၊ မည်ကဲ့သို့သော ကျောင်းဆရာသည် ဆိုရှယ်လစ်စခန်းသို့ ချီတက်ရာ၌ များစွာ အသုံးဝင်သတတ်နည်း။ ကပြဖျော်ဖြေတတ်သော ကျောင်းဆရာများနှင့် ချီတက်သော်သာ၍ အသုံးဝင်သတတ်လော...။

ခင်ခင်တင့်ကား ကျောင်းဆရာမလုပ်ဖို့ရန် ဘီ–အေ–အီး ဒီ သင်နေသည်။ သို့သော် သူ့ခမျာ သီချင်းဆိုနှင့် အကကိုကား ဝါသနာပါဟန်၊ တတ်ဟန်မရှိပေ၊ ၎င်းကား ဂုဏ်နှင့်ထင်ပေါ်ကျော်စောမှုကို လိုသည်။ လခကြီးကြီးနှင့် ရာထူးကိုလည်း လိုသည်။

ထိုသို့သော ခင်ခင်တင့်သည် ခင်မောင်အေး ဘီ–အယ်(လ်) သင်နေသည်ကို တော်တော်ပင် သဘောကျပုံရှိသည်။ ကျော်ဆွေသည် ဝိဇ္ဇာ သိပ္ပံဘွဲ့ယူပြီးနောက် ဘယ်လိုအလုပ်ကိုလုပ်လေဘိသနည်းဟု စိတ်ဝင်စားဟန်ပင် ရှိပုံမပေါ်။

ခင်ခင်တင့်သည် ကျောင်းဆရာအတတ်ကို သင်ကြားနေရင်း

mgyoe.com

mgyoe.com


နေ့အားတွင် တစ်ခါတစ်ခါ ဤသို့ စိတ်တွင်သုံးသပ်မိ၏။ ခင်မောင်အေးသည် ဘီ–အယ်(လ်) စာမေးပွဲကို မုချအောင်မှာပဲ၊ သူဟာ ရှေ့နေလိုက်ရင်လည်း ရှေ့နေရှားပါးသောခေတ်မှာ အတော်ပင် ဂုဏ်ကြီး၍ အတော်ပင် ငွေဝင်ကောင်းမှာပဲ၊ သည်လိုရှေ့နေမလိုက်ဘဲ လခစားလုပ်ရင် တရားသူကြီးရာထူးကိုရမှာပဲ၊ သူ့မိန်းမဟာ မင်းကတော်ပေါ့။ မင်းကတော်၊ မင်းကတော်၊ မင်းကတော်ဟာ ကျောင်းဆရာမထက်တော့ ဂုဏ်မြင့်မှာပဲ။

ခင်မောင်အေးဟာ သည်လိုမှမဟုတ် နိုင်ငံရေးဘက်သို့ဝင်မယ်ဆိုရင် ဒို့နယ်ကသာ ဝင်ရောက်အရွေးခံ၊ ငါ့အဖေမျက်နှာကြောင့် အမတ်အဖြစ်နှင့် မဲရမှာသေချာတာပေါ့၊ မဲရရင် မုချ ဝန်ကလေးရာထူး တစ်ခုခုကိုတော့ ရမှာသေချာတယ်။ ဝန်ကတော်ဟာ ဆရာမ၊ မင်းကတော်တို့ရဲ့ အထက်က သိပ်ကိုဂုဏ်မြင့်တာပဲ။

ထိုသို့ ခင်ခင်တင့်သည် တွေးဆပြီးနောက် နောက်များမကြာမီတွင် ခင်ခင်တင့်နှင့် ၎င်း၏ အပေါင်းအသင်း ဆရာအတတ်သင်ဖက်တို့သည် စကားပြောဆိုနေကြရင်း ကလပ်တစ်ခု၌ ပွတ်က ကခြင်းသို့ ရောက်သွားကြလေ၏။

ထိုသို့ရောက်သွားကြ၍ ခပ်အအ ဆရာမလောင်းအချို့အား ပွတ်က ကပုံ ခဏမီးမှိတ်ပေးပုံတို့ကို တော်တော်လည်ပတ်သော ဆရာမလောင်းတစ်ယောက်က မိန်းမပျိုကလေးချင်း သေချာစွာ ပြောကြပြီးသော် ပြုံးနေကြ၏။

၎င်းတို့သည် ပြုံးရုံပင်လား၊ ၎င်းတို့ကိုယ်တိုင် ပွတ်ကကို သင်ပြီး ပွတ်က ကချင်လာမလား၊ လူ့သဘာဝမှာ အတော်ခဲယဉ်း သည်ကို ဖော်ပြရသော် အော့နှလုံးနာစရာသာ ဖြစ်မည်။ ဘာပဲပြောပြော ဇာတ်မင်းသမီးနှင့် ဇာတ်မင်းသား ကပြရာတွင် ရိုးရိုးယဉ်ကျေးစွာ ကပြနေ

mgyoe.com

mgyoe.com


ခြင်းထက် တွဲ၍ ပွေ့ပိုက်၍ ကပြကြသည်ကို ကြည့်ချင်သူများ များကောင်းပေလိမ့်မည်။

ဓာတ်ရှင်မှာလည်း ရိုးရိုးအသိဉာဏ်ကျယ်ပျံ့၍ ပညာပေးနည်းလမ်းကောင်း ပြဇာတ်ကားကိုထက် မေထုန်စိတ်ကို မြူးကာတက်ကြွစေ၍ ချစ်ခန်းကြိုက်ခန်း အပွေ့အပိုက်ပါသော ဇာတ်ခန်းကို သာ၍ ကြည့်ချင်သူများ များကောင်းများပေလိမ့်မည်။

ထိုသဘောသည် ဘာကြောင့်လဲ…။

ကျွန်ုပ်တို့ ငယ်ငယ်က ဇာတ်သဘင်တစ်ပွဲမှာ ပဋ္ဌာဇာတ်၌ သံဃေဂရဖွယ်ကိုထက် ပဋ္ဌာတုံးလုံးချွတ်၍ အဝတ်လစ်စားလစ် ဖြစ်သည်ကို ပြရာ ကြည့်လိုကြသူ မိန်းမယောကျ်ား မျက်စိကျယ်ပြီးသော် များကြသည်ကို တွေ့ခဲ့ရပေသည်။ ထိုသဘောသည် ဘာကြောင့်လဲ၊ ပွဲသဘင် ပွတ်ကအကြောင်းကို ပြုံးပြုံး ပြုံးပြုံးနှင့် ပါးစပ်က အမြှုပ်ထအောင် သဘောသွားကို ပြောနေကြရာတွင် ကိုယ်တိုင် ပွတ်ကကိုသင်ပြီးသော် ပွတ်လိုသူများ ရှိနေပေလိမ့်မလား…။

ကလပ် မောင်မယ်တို့အဖြစ်နှင့် ခေတ်မီနေသူတို့ကို စေ့ငုချေသော် သဘောမှန်ကို အနီးကပ်ဆုံး အသိဖြစ်ရကောင်းပေမည်။

ခင်ခင်တင့်တို့တစ်စု စကားပြောနေကြရာတွင် ခင်မောင်အေးသည် ခေတ်မီသော ခေတ်မောင်ဖြစ်ရန် ပွတ်ကသဘာတွင် အခါခါ ပါဝင်ဆင်နွှဲကြောင်းကို ခင်မောင်အေးကိုသိသော ခင်မောင်အေး၏ သူငယ်ချင်းမများသည် ရောက်လိုရာရောက် ပြောကြလေ၏။

ထိုမှတစ်ပါးလည်း ခင်မောင်အေးသည် ခေတ်မီ၍ ဟိုတယ်၌ အရောက်များပြီးသော် ဟိုတယ်မယ်ကလေးများတွင် အတော်ပင် ခေတ်စားကြောင်းကိုလည်း အဆစ်သဘောနှင့် ပြောကြလေ၏။

ထိုသို့ မတို့၏ သဘာဝ ပြောဆိုပုံကို ကဲ့ရဲ့စရာရေးထားသလော

mgyoe.com

mgyoe.com


စဉ်းစားရမည်။ ဖို (ဝါ) ထီးတို့ သဘာဝလည်း အဖိုချင်း အထီးချင်း ဆုံမိ၍ စကားလက်ဆုံကျသောအခါ ပွတ်သဘင် ဟိုတယ်မယ်များ တို့နှင့် သာမက တရုတ်ကြီးနှင့် မုန်လာဥဖြစ်တမ်း၊ လန်ပေးလန်ပေး ဖြစ်တမ်း၊ အထွာရှည်သော ဘုန်းကြီးလူထွက်နှင့် အူထွက်ဇာတ်ခမ်း တို့ကိုပင် နားမခံသာအောင် ပြောတတ်ကြလေသည်။

ဤသည်တို့ကား လူတို့၏ ကြုံကြိုက်ရာ အသွမ်းအရွှန်း စကား၏ ဖြစ်တမ်း တစ်ခုမျှသာ ဖြစ်ချေသည်။

သို့လင့်ကစား ထိုစကားစုမှ တစ်ခုခုသည် လူတစ်ယောက်တွင် ဇာတ်အိမ်တစ်ခု ဖွဲ့သကဲ့သို့ ဖြစ်သွားတတ်လေသည်။

သဘောမှာ ဤသို့ဖြစ်၏။

ထိုသို့ ခင်ခင်တင့်တို့ စကားပြောနေသည်တွင် ခင်မောင်အေးသည် ရောက်လာ၍ ခင်ခင်တင့်မှာလိုက်သည်တို့ကို ဝယ်ခြမ်းကာ ယူခဲ့၏။ ခင်ခင်တင့်လည်း ခင်မောင်အေးကို ကျေးဇူးတင်ကြောင်း စကားများနှင့် နှစ်သက်စေ၏။

ခင်မောင်အေးလည်း ဆရာမလေးများနှင့် တည်တည်ပြုံကာ စကားပြောပြီးလျှင် တည်တည်နှင့်ပင် ပြန်သွားလေ၏။

ခင်ခင်တင့်သည် ထိုနေ့ညအိပ်ရာဝင်သောအခါ ခုတင်ပေါ်၌ လျောင်းလျက်တစ်ရံသောအခါက ၎င်း၏ သူငယ်ချင်း ကျော်ဆွေပြော သွားသော စကားရပ်တို့ကို လုံးစေ့၊ ပတ်စေ့ ပေါ်လာတော့၏။ ၎င်းနှင့် ဆက်၍ ၎င်း၏ သူငယ်ချင်းမ ဆေးရုံတက်ရခြင်းအကြောင်းသည် ပေါ်လာ၍ မြင်ယောင်လာ၏။ ထို့ကြောင့် ခင်ခင်တင့်သည် တော်တော့် ကို တုန်လှုပ်သွားလေသည်။

ခင်ခင်တင့်သည် ဘာကြောင့် တုန်လှုပ်ရသနည်း။ ၎င်းနှင့် ထို သဘောတို့သည် မည်သို့သက်ဆိုင်သနည်း။ ခင်ခင်တင့်သည် ပွတ်

mgyoe.com

mgyoe.com


သဘင်တွင် ဝင်၍ ခင်မောင်အေးသည် မယ်များနှင့် ပွတ်က ကသည်ကို ၎င်း၏ စိတ်တွင် နောက်ကျသွား၍ သဝန်ကြောင်သလို ဖြစ်လာ၏။ ဟိုတယ်မယ်ကလေးများနှင့် အကျွမ်းဝင်သည်ကိုကပ်၍ သိရပြန်သဖြင့် ၎င်း၏ ကိုယ်ပါ ဆတ်ဆတ်တုန်ချင်သလို ဖြစ်လာ၏။ ထို သဘောသည် ဘာလဲ၊ ခင်ခင်တင့်၏အပေါ်တွင် မည်ကဲ့သို့ စဉ်းစား မလဲ။

ခင်ခင်တင့်သည် နောက်တစ်ကြိမ် ခင်မောင်အေးနှင့် တွေ့သော အခါ ရှင်ဘာကြောင့် ပွတ်သဘင်မှာဝင်၍ ဝင်၍ ကရသလဲ...၊ ဟိုတယ် မယ်များနှင့် ဘာကြောင့် မိတ်ဖြစ်ရသလဲ...၊ ရှင် မိန်းမများနှင့် အပျော်လိုက်စားသပေါ့ဟု မေးချင်လာ၏။ သို့သော် အပျိုကလေး တစ်ယောက်သည် မိမိနှင့် ဘာမျှ မဘာမိသေးသော လူပျိုကလေး တစ်ယောက်၌ ဘယ်လိုနည်းနှင့်မျှ မမေးဝံ့ချေ။ မေးရန်လည်း သဘာဝ က သဘောတူညီမည် မဟုတ်ပေ။ ထို့ကြောင့် ခင်ခင်တင့်သည် မိမိ မေးလိုသောအကြောင်းကို စာရေး၍မေးမည်ဟု စဉ်းစားပြန်၏။ ဤ သည်ကိုလည်း စာရေးရန် လက်မရဲ၍ မစွံပေ။

ခင်ခင်တင့်သည် ဘာဖြစ်နေသလဲ။ ခင်ခင်တင့်သည် နောက်ကို ခင်မောင်အေးနှင့်မတွေ့လို၊ မတွေ့တော့ဘူးဟု စိတ်ကို ပြဌာန်းလိုက်၏။

ခင်ခင်တင့်ကား တစ်ယောက်တည်းပွေနေ၏။ တီးသူမရှိဘဲ အခြောက်တိုက်ကနေသကဲ့သို့ ဖြစ်နေ၏။ သို့လင့်ကစား ရက်အနည်း ငယ် ကြာသောအခါ ခင်ခင်တင့်သည် ခင်မောင်အေးကို မျှော်ချင် လာ၏။ ခင်မောင်အေးနှင့် ပွတ်သဘင်တွင် တွဲ၍ ကသည်ဆိုသော မိန်းမများကို မသိမမြင်ဘဲနှင့် အလိုလိုမုန်းသကဲ့သို့ရှိလာ၏။ ဟိုတယ်မယ်ကလေး များကိုလည်း ၎င်းနှင့်ဆိုသော် သက်သက်မဲ့ မဆီလျော်ဘဲ ထုရိုက်ပုတ် ခတ်ဆဲဆိုကာ ရန်ထောင်လို၏။

ဤသည်တို့နှင့်စပ်၍ ခင်ခင်တင့်သည် ဤသို့လည်း အမြင်တစ်ဖုံ

mgyoe.com

mgyoe.com


သစ်လာပြန်၏။ မိန်းမများကိုက ကဲသည်၊ ဘာကြောင့်သူတို့ ပွတ်သဘင်မှာ ဝင်ပြီးကရသလဲ...၊ သူတို့ကိုက ထလွှန်းကြွလွှန်းပေသည်။ အဖိုးတန်ယောကျ်ားကလေးတစ်ယောက်ဟာ သူတို့ကြောင့် အကျင့်ပျက်ရတော့မယ်...။ ကောင်မတွေကကို လွှန်လွှန်းတယ်...။ အဖိုးတန်ယောကျ်ားတစ်ယောက်ဟာ အကျင့်မပျက်ဘူးထား၊ သားစပ်တဲ့ မြင်းလားကြီးကဲ့သို့ အပူမိရတော့မယ်...။ သည်အပူဟာ ယောကျ်ားကို ခေတ်အလျောက်သိပ္ပံပညာကြောင့် မထိနိုင်ဘူးထား၊ သူနှင့်ရတဲ့ မိန်းမကိုကား ကူးစက်စေပြီး ရောဂါထွေပြားစေတော့မယ်သိပ်ကို ဆိုးတာပဲ။ သည်လို ပွတ်ကမျိုးကို အနောက်နိုင်ငံက ယဉ်ကျေးခြင်းဟု သဘောထားကာ ကြည့်မနေထိုက်ဘူး။ ပိတ်ပင်ဖို့ ကောင်းတယ်။

ဟိုတယ်မယ်တွေဆိုတာတော့ နည်းနည်းမှ တိုင်းပြည်မှာ မသင့်မလျော်ဘူး၊ သူတို့မှာ ဆိုင်ရှင်က ဆေးကျွေး၊ ဆေးထိုးပေးထားလို့ အလုရည်မပျက်ပေမဲ့၊ ချင်းတို့နှင့် နီးစပ်တဲ့ မောင်များမှာတော့ ရောဂါမျိုးစေ့ဟာ ကိန်းအောင်းနေတော့မယ်...။ သည်ရောဂါဟာ သူတို့နှင့်ရောစပ်ယှက်တင်မိတဲ့ ယောကျ်ားများရဲ့ အိမ်ရှင်မကိုတော့ မုချ ထိတော့မယ်...။ ဒါကြောင့် မိန်းမတွေမှာ သူငယ်အိမ်နှင့် ပတ်သက်ပြီး ရောဂါဆန်းတွေဟာ တစ်မျိုးတစ်ဖုံကျရောက်ကာ ဘေးဖြစ်ရတာပဲ။ သည်ဟိုတယ်မယ်များကိုပင် မရှိရအောင် ပိတ်ပင်သင့်တယ်...။

ခင်ခင်တင့်သည် ထိုသို့အမြင်သစ်ရှိလာပြန်သော်လည်း သူလာခဲ့သော လမ်းကို သူသည် မဝေဖန်မိ။ ကျော်ဆွေသည် အထက်တန်းကျောင်းသားတုန်းက တိုင်းပြည်လူမျိုးအတွက် ကျောင်းမှာနေပြီး ပညာသင်ကြား ခံယူနေသည်ဟုပြောသည်ကို လည်းကောင်း၊ ကျောင်းသားသမဂ္ဂ၊ ကျောင်းသားတို့၏ နိုင်ငံရေးအသင်းအဖွဲ့များ၌ မပါ၍ အလကားတောသားဘုကောင် ဖွတ်နွားဟုပြောကြသည်ကိုလည်းကောင်း သတိရ

mgyoe.com

mgyoe.com


ကာ ခင်ခင်တင့်သည် မဝေဖန်မိချေ။

တက္ကသိုလ်ကျောင်းသား ဘဝမှာလည်း ကျော်ဆွေသည် ဘာသာတစ်ကိုယ်ရေအဖြစ်နှင့် မည်သည့် ကျောင်းအသင်းမှာမှ မပါဘဲ နေခဲ့သည်ကို တင့်သည် မဝေဖန်မိ၊ တင့်၏ လှုပ်ရှားနေသော စိတ်၌ ကျော်ဆွေသည် ဝင်မလာပေ။ သို့သော် ဟိုအခါက ၎င်းအားပြောလိုက်မိသော စကားသည် တင့်၏ စိတ်ကို မနားမနေ လှုပ်ရှားစေသကဲ့သို့ ရှိနေပုံပေါ်နေလေပြီ။

ခင်ခင်တင့်သည် မည်ကဲ့သို့ စိတ်ကစားစေကာမူ ၎င်းမှာ ဆရာအတတ်ကို သင်ကြားနေသူဖြစ်၍ မအားမလပ်ပေ…၊ အတော်အတန်လည်း ဉာဏ်ရည် ဉာဏ်သွားနှင့် ကစားတတ်ဟန်လည်းရှိချေသည်။

တင့်၏ စိတ်တွင်ကား ကျော်ဆွေသည် ပျောက်နေပေပြီ။ သို့သော်လည်း ကျော်ဆွေကား လောကတွင် မပျောက်ဘဲ ဘီအက်စီ ယာသမားအဖြစ်နှင့် တောရွာကလေးတွင် ထင်ရှားနေချေပြီ။

ကျော်ဆွေသည် ၎င်းလုပ်ကိုင်သော ဧကနှစ်ဆယ်ခန့် ရှိ ယာခင်းမှ မြေပဲနှင့် နှမ်းတော်တော် ဖန့်ဖန့်ရလိုက်သဖြင့် ၎င်းသွားသော လမ်းကို မှန်မှန်သွားနိုင်ရုံမျှမက 'ဒို့ကျေးရွာ…' မှာ မူလတန်းစာသင်ကျောင်းကလေးသည် တော်တော်ပင် ခေတ်မီလာလေပြီ။ မြို့ကြီးများရှိ အထက်တန်းကျောင်းကြီးများလောက်ပင် ခေတ်နှင့်လျော်ပြီးသော် ကျောင်းသားများလည်း ပြည့်စုံနေပြီ။ လက်ထောက်ဆရာလည်း လေးယောက်ရှိနေချေပြီ။ ကျောင်းဝိုင်းမှာ ရွာ့ပြင်ဘက်၌ အတော်ပင် ကျယ်သဖြင့် ကစားကွင်းများ၊ စာဖတ်ခန်းများနှင့်တကွ ခေတ်မီနေသဖြင့် အတော်ပင် ဝမ်းသာနေလေပြီ။ စာသင်ကျောင်းမှာလည်း ကျောင်းဥယျာဉ်ကလေးနှင့် တင့်တယ်နေပြီဖြစ်နေ၍ ၎င်းသွားနေသော လမ်းတွင် အားရသကဲ့သို့ ရှိလေ၏။

ကျော်ဆွေသည် အထက်တန်းကျောင်း၊ တက္ကသိုလ်ကျောင်းသား

mgyoe.com

mgyoe.com


ဘ၀တို့က အသံပြာနိုင်လောက်သော နိုင်ငံရေးကျောင်းသား မဟုတ်သော်လည်း သူ့ကျေးရွာကို 'ဒို့ကျေးရွာ...' ဟု သိသဖြင့် ရွာသားများဖြစ်သော တောင်သူများ၊ လက်လုပ်လက်စားများတို့ကို သမဝါယမ အသင်းသားအဖြစ်နှင့် ပါဝင်စေ၍ ထိုရွာကလေးသည် သမဝါယမရွာ ဖြစ်နေလေ၏။ ထိုသဘောကို ကျော်ဆွေသည် အတော်ကျေနပ်နေ၏။

ကျော်ဆွေသည် သူလုပ်ကိုင်သော အလုပ်ကို ကျေနပ်ဘိသကဲ့သို့ လောကသည် ဝိဇ္ဇာသိပ္ပံဘွဲ့ကို တက္ကသိုလ်မှ ရထားသော ကျော်ဆွေ၏ လုပ်ကိုင်ဆောင်ရွက်ခြင်းကို ကျေနပ်မည်လား၊ ကျေနပ်သည်ကား နှစ်မျိုးရှိ၏။ တစ်မျိုးသည် ကျော်ဆွေသည် ဝိဇ္ဇာသိပ္ပံဘွဲ့ကို ရသဖြင့် တောသားကလေးသည် အရာရှိကြီးတစ်ယောက်ဖြစ်သည်ဟု ကျေနပ်ခြင်းဖြစ်၏။ တစ်မျိုးသည်ကား ခေတ်ပညာတတ်ကျော်ဆွေသည် သူ့ကျေးရွာကို 'ဒို့ကျေးရွာ' ဟု သိ၍ ဆောင်ရွက်သဖြင့် ရွာသည် သမဝါယမရွာကလေးဖြစ်ပြီးသော် လူနေအဆင့်အတန်းမှစ၍ တရိပ်ရိပ် တိုးတက်လာခြင်းဖြစ်၍ ကျေနပ်ခြင်းဖြစ်၏။ မည်သည့်ကျေနပ်ခြင်းမျိုးနှင့် ကျေနပ်မည်နည်း။

မကျေနပ်ခြင်းလည်း ရှိရာသေး၏။ မည်ကဲ့သို့နည်း။

ဝိဇ္ဇာသိပ္ပံအောင်သောသူတစ်ယောက်သည် လခစားအလုပ်တစ်ခုခုကို မရသဖြင့် တောင်သူလုပ်ရရှာ၏။ ဤကဲ့သို့ ထင်မှတ်၍ မကျေနပ်သောသူများသည် မျက်စိမှိတ်၍ ချုံကိုတိုးသော အရင်းရှင်စနစ်ဖြစ်နေလေသည်။ ၎င်းကို ငြင်းဆိုနိုင်မလား...။

တစ်နည်းတုံ ဝိဇ္ဇာသိပ္ပံအောင်လာသော သူတစ်ယောက်သည် တောင်သူလုပ်ကိုင်ရာ၌ ဤမျှသာလောဟု ဖြစ်၏။

ထိုသို့လျှင် လောကသည် တစ်သမတ်တည်း မဖြစ်နိုင်၊ သဘောတစ်ရပ်၌ ကျေနပ်ခြင်း မကျေနပ်ခြင်းသည် အမျိုးမျိုးရှိနေ၏။

ခင်ခင်တင့်သည် ကျော်ဆွေတောင်သူလုပ်နေခြင်းကို သိရလျှင်

mgyoe.com

mgyoe.com


မည်ကဲ့သို့ ရှိမည်နည်း။ ခင်ခင်တင့်သည် တစ်နေ့သော် ၎င်း၏ သူငယ်ချင်းမတစ်ယောက်နှင့် သိမ်ကြီးဈေးမှ လမ်းဘက်သို့ ကြည့်နေ၏။ ထိုအတွင်း အရောင်တောက်ပသော ကားကလေးသည် ခပ်ဖြည်းဖြည်း မောင်းလာရာ ဆက်လက်သွားခွင့်မရသဖြင့် ခဏရပ်နေရ၏။

ထိုကားပေါ်၌ ကျော်ဆွေ စုတ်ချွန်းပါလာသည်ကို ခင်ခင်တင့်သည်မြင်၏။ ကျော်ဆွေကား တကယ့် ကျော်ဆွေ၊ ရန်ကုန်မြို့ပေါ်မှာပင် သူ၏ ခေါင်း၌ တိုင်းရင်းရက်ဖျင်တဘက်ကို ပတ်ထား၏။ အင်္ကျီမှာ ဖျင်ဖြူအင်္ကျီလက်တိုဖြစ်၏။ ထိုကားသည် သမဝါယမဆိုင်ရာ ဝန်ကြီး၏ ဝန်ကလေးကားဖြစ်၍ ထိုဝန်ကလေးနှင့် ကျော်ဆွေသည် ရှေ့မှ နှစ်ယောက်ထိုင်ကာ စီးလာပြီးလျှင် ဝန်ကလေးသည် ကားကို မောင်းလာ၏။

ခင်ခင်တင့်သည် ဟုတ်ပါ့မလားဟု စဉ်းစားသေး၏။ ကျော်ဆွေပါပဲဟု တထစ်ချယူဆလိုက်၏။ သွားရောက် နှုတ်ဆက်ရမလားဟု မြန်လှသောသဘောနှင့် စိတ်စောမိ၏။ သို့ရာတွင် ကျော်ဆွေခေါင်းတွင် ပတ်ထားသော တိုင်းရင်းရက်ဖျင်တဘက်နွမ်းသည် ခင်ခင်တင့်ကို ကာထားသလိုဖြစ်၏။ ဘီအက်စီဆိုသော ဂုဏ်ကကား နှုတ်ဆက်ပါလားဟု လက်ရပ်ခေါ်သလို ဖြစ်နေ၏။

သို့လင့်ကစား နှုတ်ဆက်ရမလား၊ မဆက်ရမလားဟု ဇဝေဒင်မေးရမလို ဖြစ်နေစဉ်တွင်ပင် ကျော်ဆွေပါလာသော ကားကလေးသည် သွားခွင့်ရသဖြင့် ဆက်လက်သွားလေ၏။

ခင်ခင်တင့်မှာ ထိုသဘောသည် ပြဿနာတစ်ခုကဲ့သို့ ဖြစ်နေပြီးသော် သိမ်ကြီးဈေး၌ ခင်မောင်အေး ရောက်လာ၍ ဝယ်ခြမ်းလိုရာတို့ကို ဝယ်ခြမ်းပြီးနောက် ခင်ခင်တင့်တို့သည် ပြန်ကြလေ၏။

ခင်ခင်တင့်၌ ကျော်ဆွေအာရုံသည် တရွတ်သယ်ပိုးဖွတ်တိုး ဝင်

mgyoe.com

mgyoe.com


လာသကဲ့သို့ ဖြစ်၍ ခင်ခင်တင့်သည် ထိုနေ့ည စာကြည့်ပြီးသောအခါ ၎င်း၏အိပ်ရာပေါ်တွင် ဤကဲ့သို့ စိတ်ကစားမိ၏။

ကျော်ဆွေသည် ငါ့ကို မြင်သွားသလား၊ မြင်ခဲ့သော် နှုတ်ဆက်ကောင်း၏။ ဤသည်ကို ပြည်ဖုံးချ၊ ကျော်ဆွေကို ဝန်ကြီး၏အတွင်းဝန်ကလေးသည် ဘာကြောင့် ကားပေါ်တင်ခေါ်လာရသလဲ...၊ သူဟာ ဘာကောင်လဲ၊ ခင်ခင်တင့်သည် ကျော်ဆွေကား လူဟုသိဖို့ ကောင်း၏။

ကျော်ဆွေသည် လခကောင်းကောင်းနှင့် အလုပ်လုပ်နေပလား၊ ဘယ်လိုအလုပ်ကို လုပ်နေသလဲ...၊ ဒါမှမဟုတ် အလုပ်အတွက် အင်တာဗျူးလာရောက်သလား၊ အလုပ်အတွက်လာရောက်သော တရားခံ ကို အလုပ်ပေးမည့် အာဏာပိုင်သည် ဤသို့ခေါ်ရာသလော...၊ ပေါင်းသင်းဆက်ဆံရေးသည် ဘယ်လိုဟု ခင်ခင်တင့်သည် စဉ်းစားဖို့ လိုသည်။

အစိုးရသည် ကျောင်းဆရာများ၏ သဘောတရားကို ဖွင့်ပြမှုဖြင့် ဆိုရှယ်လစ်စတိတ်သို့ ချီတက်မည်ဟူသော သဘောနှင့် ပညာရေးဌာနဒ္ဒ အသုံးစရိတ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု၏။ သို့လင့်ကစား ကျောင်းဆရာများသည် တိုးတက်လာသော ခေတ်၏ ပေါင်းသင်းဆက်ဆံရေးကို သဘောကျမည်လော...။

ခင်ခင်တင့်တစ်စုံတစ်ခုသော ရာထူးအတွက် ကျော်ဆွေသည် လာရောက်သလော၊ သို့မဟုတ် ပါတီအစိုးရ လက်ထက်၌ အကြံကောင်းသဖြင့် သခင်မွေး နေ့ချင်းကြီး ဆိုဘိသကဲ့သို့ ရာထူးကြီးတစ်ခုခုကို ရနေပြီလောဟု လောဂရီသမ်ကို မထွက်ဖူးဘဲနှင့် လောနေလေတော့ပြီ။

နောက်တစ်နေ့ ကျောင်းတက်ချိန်နီးလတ်သော် ကားကလေးတစ်စင်းသည် ဆိုက်လာ၍ ခင်တင့်ကိုမေးသဖြင့် ခင်တင့်နှင့် ထိုကားပေါ်မှလူသည် တွေ့လေ၏။ ကားပေါ်မှ လူဗိုလ်ကေအမောက်နှင့် ခပ်

mgyoe.com

mgyoe.com


သန့်သန့်ပြန့်ပြန့်က ခင်ခင်တင့်အား စာတစ်စောင်နှင့် အိုးကလေးတစ်လုံးကိုပေးပြီးသော် ဤသို့စကားဖြစ်နေ၏။

"ရှင်က ဘယ်က..."

"ကျွန်တော် သမဝါယမ မင်းကြီးအိမ်ကပါ..."

"ဘယ်သူက သည်ဟာတွေကို အပေးအပို့ လွှတ်သလဲ..."

"စာထဲမှာ ပါပါလိမ့်မယ်..."

ထိုသို့ ပြောဆိုပြီးသော် ထိုသူသည် ကားနှင့်ပင် ပြန်သွားလေ၏။ တင့်သည် ထိုစာကို ဖောက်၍ ဖတ်ကြည့်ရာ ဤသို့တွေ့ရလေ၏။

မမတင့် ကျွန်တော် မနေ့က မမတင့်ထံလာရောက်ရာ၊ မမတင့်ကို မတွေ့ရပါ၊ ထို့ကြောင့် ဘကြီးနှင့် ကြီးကြီးက ပေးလိုက်သော အထုပ်တစ်ထုပ်နှင့် နှမ်းဖတ်ချဉ်အိုးကလေးတစ်လုံးကို ဆက်ဆက်ပေးဖြစ်အောင် ပေးလိုက်ပါဟု ထားခဲ့ပါသည်။

၎င်းတို့ကိုရကြောင်း ဘကြီးနှင့် ကြီးကြီးထံ စာပြန်လိုက်ပါ၊ မမတင့်တို့ အိမ်သားတစ်စု ကောင်းစွာကျန်းမာကြပါသည်...။

ကျော်ဆွေ

ခင်ခင်တင့်သည် ထိုစာကို လေးခေါက်လောက် သေချာစွာ ဖတ်ကြည့်ပြီးနောက် ပေးလိုက်သည်တို့ကို သိမ်းထားပြီးလျှင် မစဉ်းစားသာဘဲ ကျောင်းတက်လိုက်ရလေ၏။

တင့်သည် နေ့လယ် ကျောင်းဆင်းသော် ဤသို့တွေးတော၏။

သူ့စာထဲမှာ ထားခဲ့ပါသည်ဟု ပါသည်။ သူပြန်သွားတာပဲ၊ သူ ဘာကြောင့် ရန်ကုန်သို့လာသလဲ...။ သူ့အလုပ်နှင့် လာသလား၊ ဒါမှမဟုတ် အလုပ်လျှောက်လာသလား။ ကိစ္စတစ်ခုနှင့် လာတာတော့ မှန်တယ်၊ ဘာကိစ္စလဲ၊ သူ သမဝါယမမင်းကြီးအိမ်မှာ တည်းတဲ့လက္ခဏာပဲ၊

mgyoe.com

mgyoe.com


ဒါကိုထောက်ရင် သမဝါယမဌာနမှာ အရာရှိတစ်ခုခု ဖြစ်ရမယ်။ သူဟာ မနေ့က သမဝါယမဌာန ဝန်ကလေးနှင့် တွဲကာ ကားစီးလာတယ်၊ ဒါကို ထောက်ရင် သူဟာ သမဝါယမ ဌာနမှာ ရာထူးမြင့်မြင့်တစ်ခုနှင့် ဖြစ်ရမယ်။ သမဝါယမဌာနကလည်း အပေါစား သား၀၊ မယား၀ ဌာနဟု လူစုမိတိုင်း ပြောနေတာပဲ၊ ဒါပေ့ ဝန်ထောက်ဆိုရင်တော့ ကျော်ဆွေ ဟာ ကော်တာပဲ၊ ကော်မှာပေါ့လေ… ဘီ–အက်စ်–စီပဲ။

ထိုနေ့အဖို့တော့ တင့်သည် ညနေကျောင်းဆင်းပြီးနောက် ကျော်ဆွေ့ထံ စိတ်ဝေ့နေသကဲ့သို့ဖြစ်၍ ကျော်ဆွေ ဘာလုပ်နေသည်ဟု သိလို၏။ ထိုသိလိုသည်အတိုင်း မိမိတို့အရပ်က သူငယ်ချင်းများထံ စာရေးမေးမည်လားဟု အကြံရသော်လည်း မိမိသည် အပျို၊ ကျော်ဆွေသည် လူပျိုဟု ထင်သဖြင့် မေးရမည်ကို မမေးဝံ့၊ မမေးသာဖြစ်နေ၍ အုံ့နွေးနွေး နှင့်မှတစ်ပါး တိုး၍မကြံသာဖြစ်နေဘိ၏။

တင့်သည် ကျော်ဆွေသည် တောင်သူလုပ်နေသည်ဟု အကယ်၍ သိခဲ့သော် မိမိတွေ့မြင်ကြုံကြိုက်လာခဲ့ရသည်ကို အတော်ပင် မချိနိုင် မချနိုင်ဖြစ်ပေလိမ့်မည်။ တင့်၏စိတ်၌ တောင်သူလယ်သမား၊ ယာသမား တစ်ယောက်သည် ဝန်ကလေးဆိုသူ့နှင့်တွဲပြီးလျှင် ကားအတူစီးသင့် သလား၊ စီးရာသလားဟု ထင်မိ၏။ ထိုအထင်သည် မြန်မာနိုင်ငံသည် ကမ္ဘာကိုကယ်ဆယ်ခဲ့သော၊ ကယ်ဆယ်နေသော ကယ်ဆယ်ရလတ့် သော တောင်သူနိုင်ငံဖြစ်ခြင်းကြောင့် နိုင်ငံတော့ စိမ်ရေအသင့်ခံရပေ လိမ့်မည်။

ဤသို့နှင့်ကား တင့်တွင် ကျော်ဆွေသည် ဝင်ရောက်လှုပ်ရှား သလိုဖြစ်နေပေသည်။ သို့သော် တင့်သည် ဟိုအရင်က တင့်မျိုးမဟုတ် တော့ဘဲ ကျောင်းဆရာအတတ်ကို ကျနစွာ လိုက်စားလာသော ခင်ခင် တင့်ဖြစ်နေသဖြင့် အတတ်ပညာမှာ သူတစ်ပါးထက်သာအောင် ကြိုးစား

mgyoe.com

mgyoe.com



လိုသော စိတ်သည်လည်း ဖြစ်ပေါ်လာလေသည်။

ကျော်ဆွေသည်ကား သူ၏ ဇာတိရင်းဖြစ်သော ကျေးရွာကို 'ဒို့ကျေးရွာ' ဟု သဘောထားလျက် ၎င်း၏ ကံ့ကူလက်လှည့် ဆရာမကြီး၏ ဩဝါဒ ကထာအလျောက် ခေတ်မီရွာကြီးတစ်ရွာ ဖြစ်ရန် ကြိုးစားနေလေသည်။

'လောကဌ် ခေတ်မီရန် စင်မြင့်ပေါ်က အာပေါင်အာရင်း ကောင်းနေရုံနှင့်မပြီး၊ ကိုယ်ထိလက်ရောက် အလုပ်လုပ်နေခြင်းသည်ပင်လျှင် အတော် ခဲယဉ်းလှပေသည်။

❒

mgyoe.com

mgyoe.com

# အခန်း (၄)

## ခေတ်သဘာဝတစ်ခု

ခင်ခင်တင့်တို့သည် စာမေးပွဲပြီး၍ ကျောင်းပိတ်လိုက်သဖြင့် ခင်ခင်တင့်သည် အဖော်များနှင့် ပြန်လာရာ ခင်မောင်အေးသည် ခင်ခင်တင့်ကို မီးရထားဘူတာရုံသို့ လိုက်ပြီးလျှင် နှုတ်ဆက်နေလေသည်။

ခင်ခင်တင့်သည် ပြုံး၍ပြုံး၍ ခင်မောင်အေး၏ နှလုံးအိမ်ကို ဖုံးသွားအောင် စကားပြောလျက်နေပေသည်။ ခင်မောင်အေးလည်း ခင်ခင်တင့်တို့၏ အရပ်သို့ အလည်လာမည့်အကြောင်းကို ချိုရုံနှင့်မက ရစ်၍ရစ်၍ တင့်သဘောတွေ့ပြီးလျှင် ကျအောင်ပြောဆိုနေ၏။

အေးသည် တင့်ကို မှန်းထားကာ စိတ်ကူးရုံနှင့်မျှမက ရအောင် ပိုးပန်းနေခြင်း ဖြစ်မလား။ ခင်မောင်အေး၏ သဘောဥကား ခင်ခင်တင့် သည် ဘီအေ–အီးဒီ မုချအောင်မည်။ အောင်ပြီးသောအခါ မုချ အထက် တန်းပြဆရာမ အောက်ထစ်ဆုံးဖြစ်ရမည်။ ခင်ခင်တင့်ကို ရသော် ငါ့မှာ

mgyoe.com

mgyoe.com


ယူသုံးမကုန်နိုင်သော ငွေတွင်းကို ပိုက်မိခြင်းမဟုတ်လော။ ခင်ခင်တင့်သည် ချောလည်းအတော်ချောသည်၊ လှလည်း အတော်လှသည်။ ပြုံးပြုံးနှင့် စကားပြော၍ နှလုံးမှာ ဇော့စေပြီးသော် မမေ့နိုင်အောင် ချစ်စဖွယ်ဖြစ်ပေသည်။

ထိုသို့လျှင် စသည်ဖြင့် ခင်မောင်အေးသည် တွေးတောပိုးပန်း၍ ခင်ခင်တင့် အကြည်ဆိုက် သဘောတွေ့အောင် လိုက်ပို့လိုက်ပေသည်။

ခင်ခင်တင့်သည် ကျောင်းပိတ်စဉ်အတွင်း အိမ်သို့ပြန်ရောက်လတ်သော် စုံစမ်း၏။ ထိုသို့ စုံစမ်းသော်လည်း ၎င်း၏ သူငယ်ချင်းများတွင် ကျော်ဆွေကို တွေ့သည့်သူများကိုပင် မသိရပေ။ သမဝါယမရုံး၌လည်းကောင်း၊ သမဝါယမ အမှုထမ်းများ၌လည်းကောင်း စနည်းနာသော်လည်း ကျော်ဆွေကို သိသူ တစ်ယောက်မျှမရှိချေ။ သို့ရာတွင် ခင်ခင်တင့်သည် သမဝါယမဝန်မင်း၊ ဝန်ထောက်မင်း၊ နယ်စီးအရာရှိများနှင့်ကား ရောနှောခြင်းကိုပြု၍ စုံစမ်းစနည်းနာဟန်မရှိပေ။ (စုံထောက်မလုပ်ဖို့ကောင်း၏။)

ထိုသို့သော သဘောအရ တင့်သည် ကျော်ဆွေအကြောင်းနှင့် ပတ်သက်၍ အားလျှော့ရမည့်ကဲ့သို့ ဖြစ်၏။ တကယ် အမှန်ဆိုသော် ခင်ခင်တင့်သည် တက္ကသိုလ်၌ ကျော်ဆွေသည် ၎င်း၏ သွေးဆောင်ရာသို့မပါဘဲ တည်တည်ပြုကာ သဘောကွဲလွဲခြင်းပြုသောကြောင့် ကျော်ဆွေအပေါ်၌ စိတ်ကောက်ခဲ့သော်လည်း၊ တင့်သည် ဆွေကို မမေ့နိုင်ချေ။ အထက်တန်းမှာ သင်စဉ် သချ်ာအတူတွက်ခဲ့ခြင်း၊ ဆွေက အင်္ဂလိပ်စာ၌ ပြပေးခြင်းတို့သည် တင့်၏စိတ်ကို ကျော်ဆွေထံသို့ ဆွဲဆောင်နေသကဲ့သို့ ဖြစ်၍ သတိမရဘဲ မနေနိုင်မူ၍ ကျော်ဆွေသည် တင့်တင့်၏ နှလုံးအိမ်အတွင်းတွင် ခဏခဏဝင်လာ၏။

စင်စစ် တင့်သည် ယောကျ်ားကလေးအပေါ်၌ ချစ်သည်ဟူသော

mgyoe.com